# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၅)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်

**ရန်ကုန်  အောက်တိုဘာ ၂၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာသွားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✡



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

# ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်အောင်ဆောင်ရွက် ထောင်စုနှစ် ရည်မှန်းချက်များပြည့်ဝအောင်ကြိုးပမ်း

ကုလသမဂ္ဂသည် လူသားများကောင်းကျိုးအတွက်ဆောင်ရွက်ရန် အခွင့်အလမ်းများ ရယူဖော်ဆောင်သည့် အဖွဲ့အစည်းဖြစ်သည်။ ကုလသမဂ္ဂသည် နိုင်ငံစုံဆက်ဆံရေးတွင် အရေးကြီးသည့် နိုင်ငံတကာဆွေးနွေးညှိနှိုင်းရာ ဌာနကြီးဖြစ်သည်။ကုလသမဂ္ဂသည် စတင်တည်ထောင်သည့် အချိန်မှစ၍ ရာစုနှစ်ထက်ဝက်ကျော်ကာလအတွင်း ကမ္ဘာ့နိုင်ငံများ၏အခက်အခဲကို ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။

ယခုအခါ ထောင်စုနှစ်သစ်သို့ကူးပြောင်းဝင်ရောက်လာပြီး ကမ္ဘာ့နိုင်ငံများသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး နယ်ပယ်၌ စိန်ခေါ်မှုများစွာကို ကြုံတွေ့လာရပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များသည် ကူးပြောင်းရောက်ရှိလာသော ထောင်စုနှစ်ဦး၌ ကုလသမဂ္ဂထောင်စုနှစ်ကြေညာစာတမ်းကိုချမှတ်နိုင်ခဲ့သည်။ ထောင်စုနှစ်ဦး ထိပ်သီးညီလာခံကြီးတွင် လက်တွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို တိုင်ပင်ဆွေးနွေး၍ စုပေါင်းအဖြေရှာဖွေနိုင်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၀၀၄ခုနှစ် အောက်တိုဘာလ၂၄ရက်နေ့တွင်ကျရောက်သည့် (၅၉)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပေးပို့သည့်သဝဏ်လွှာတွင်-

**"ထောင်စုနှစ် ထိပ်သီးညီလာခံ ကျင်းပပြီးနောက်ပိုင်းတွင် ရည်မှန်းချက်နှင့်အညီ တိုးတက်မှုရှိသည့် အနေအထားများကို တွေ့ရှိရသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ထောင်စုနှစ်ကြေညာစာတမ်းပါရည်မှန်းချက်ပြည့်မီအောင်ကြိုးပမ်းဖို့ များစွာလိုနေပါသေးသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ပေါင်းစည်းညီညွတ်မှုအားဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ကြရပါမည်။ ယနေ့ကျွန်ုပ်တို့ ရင်ဆိုင်နေကြရသည့် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ကိုယ်စီကိုယ်င တာဝန်ရှိသည်ဟူသော အသိစိတ်ဓာတ်ဖြင့် စုစုစည်းစည်း ပူးပေါင်းဆောင်ရွက်ကြရပါမည်။"**

ဟူ၍ ဖော်ပြပါရှိပေသည်။

ကုလသမဂ္ဂထောင်စုနှစ် ကြေညာစာတမ်းများ၏ အဓိကရည်မှန်းချက်များသည် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်လက်နက်ဖျက်သိမ်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အားနည်းသည့်လူသားများအား အကာအကွယ်ပေးရေးနှင့် ကုလသမဂ္ဂအခွန့်ရှည်ရေး စသည်တို့ပါဝင်သည်။

ထောင်စုနှစ်ရည်မှန်းချက်များ၏ အခြေခံလိုအပ်ချက်များကို သက္ကရာဇ် ၂၀၁၅ခုနှစ်တွင် ဖြည့်ဆည်းပေးရန်ဖြစ်ပြီး နိုင်ငံအားလုံးပူးပေါင်း၍ ဆတက်ထမ်းပိုး ကြိုးပမ်းလုပ်ဆောင်ကြမည်ဆိုပါက ဤထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီး စတင်ဖွဲ့စည်းသည့်နေ့မှ ယနေ့အချိန်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၁နိုင်ငံအထိရှိနေပြီး မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်ဧပြီလ ၁၉ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီးချိန်မှစ၍ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် မူများကို အခိုင်အမာထောက်ခံလျက်ရှိပြီး ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ရေးကို မြန်မာ့နိုင်ငံခြားရေးဝါဒ၏ အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဝင် အများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများနှင့် အားနည်းသည့် နိုင်ငံများဖြစ်ပြီး အဆိုပါ နိုင်ငံများသည် နိုင်ငံတကာ ကတိကဝတ်ပြု တာဝန်ယူမှုအပိုင်းတွင် မျှဝေထမ်းဆောင်မှုကို အခြေခံ၍ တန်းတူရည်တူပိုမိုရှိသည့် ကမ္ဘာကြီးတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ကုလသမဂ္ဂက ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု အားထားမျှော်လင့်နေကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်လည်း နိုင်ငံသူနိုင်ငံသားများ၏ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်ရာ၌ ကုလသမဂ္ဂနှင့် လက်အောက်ခံ အဖွဲ့အစည်းများက ဆက်လက်ပံ့ပိုးကူညီသွားလိမ့်မည်ဟု မြန်မာနိုင်ငံက ယုံကြည်ထားပေသည်။

သို့ဖြစ်ရာ ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်အောင် နိုင်ငံအများပေါင်းစည်း ညီညွတ်မှုအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့်အခြေခံမူများကို လေးစားလိုက်နာပြီး ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်စေရန် အစဉ်တစိုက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၅-၁၀-၂၀၀၄
(တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Solar Energy and Temperature (ပထမနှစ်၊အင်္ဂလိပ်စာ အထူးပြု)
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၆း၅၀ ၁၇။ မေးမြန်းစူးစမ်း
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"**(အပိုင်း-၇)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား" (အပိုင်း-၂၄)**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# အခြေခံအသင်းများ တောင့်တင်းခိုင်မာမှ သမဝါယမ ပုံရိပ်ကောင်းမွန်မည် ပြည်သူအားကိုးသော သမဝါယမ အခြေခံစားကုန်ဆိုင်များဖြစ်အောင် ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၄

**သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၂ရက် နံနက်၁၁နာရီက ပဲခူးတိုင်း ပဲခူးမြို့ မဟာစေတီလမ်းရှိ မဇင်းစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းသို့ ရောက်ရှိလာရာ အသင်းဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များက ကြိုဆိုကြသည်။**

**တိုးမြှင့်ထုတ်လုပ်**

ဆက်လက်၍ မဇင်းစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်း အစည်းအဝေးခန်းမ၌ အသင်းဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မဇင်းစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းအနေဖြင့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး၊ ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်)များ တိုးမြှင့်ထုတ်လုပ်ရေး၊ ပြည်တွင်းပြည်ပ ဈေးကွက်ရှာဖွေရောင်းချ နိုင်ရေး၊ အသင်းတိုးတက်အောင် ကိုယ်တိုင်ထုတ်လုပ်မှု၊ ကိုယ်တိုင်ကုန်သွယ်ရောင်းချမှု ပြုလုပ်သူများဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မဇင်းစက်မှုလက်မှု ကုန်ထုတ် သမဝါယမအသင်းက ထုတ်လုပ်ထားသော ပစ္စည်းအမယ်သစ်(အမည်သစ်)များပြခန်းအတွင်း ခင်းကျင်းပြသထားမှုနှင့် စက်ရုံအတွင်း ကုန်ပစ္စည်းထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း သမဝါယမဦးစီးဌာနသို့ ရောက်ရှိလာပြီး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း အရှေ့ခြမ်းမြို့နယ်များမှ မြို့နယ်ဦးစီးအရာရှိများ၊ သမဝါယမအသင်းများမှ ဒါရိုက်တာ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

**စည်းရုံးဆောင်ရွက်**

ဝန်ကြီးက သမဝါယမ အသင်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံသမဝါယမအသင်းများပေါ်၌ မူတည်ကြောင်း၊ အခြေခံသမဝါယမအသင်းများ တောင့်တင်းခိုင်မာမှသာ သမဝါယမ၏ ပုံရိပ်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ပုဂ္ဂလိကများနှင့်ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန်လိုကြောင်း၊ စံပြဖြစ်မည့် အခြေခံစားကုန်ဆိုင်များ ဖြစ်နိုင်သည့်ဒေသ၊ မြို့နယ်၊ ရပ်ကွက်များတွင် ဖွင့်လှစ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန် သမဝါယမဦးစီးဌာနများက သမဝါယမအသင်းများအပေါ် ဦးစီးဦးဆောင်ပြုလုပ်ပေးရန်လိုကြောင်း၊ သမဝါယမ လက်လီဆိုင်များသည် အခြေခံစားသုံးသူများ လိုအပ်သည့်ကုန်ပစ္စည်းများကို ရောင်းချနိုင်ရေး ဆောင်ရွက်ရန်နှင့် ပြည်သူအားကိုးသော သမဝါယမ အခြေခံစားကုန်ဆိုင်များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းများ၊ မွေးမြူရေး သမဝါယမ အသင်းများ၊ စက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းရေးကို စည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ ပို့ကုန်မြှင့်တင်ရေးအတွက် သမဝါယမက ပဲမျိုးစုံကို စုစည်းပြီး ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်း မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်နှင့်အဖွဲ့ဝင်များ အောက်တိုဘာ ၁၉ရက်က သဃ်္ဃန်းကျွန်း မြို့နယ်မီးသတ် တပ်ဖွဲ့သို့ လာရောက်စစ်ဆေးရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦးက မီးသတ်တပ်ဖွဲ့စခန်းအတွင်း ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြစဉ်။**
(ဝ၅၂)

25-10 (02).p65 1 24.03.1905, 12:29 PM



☆ ရှေ့ဖုံးမှ

## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီ ခရစ်နှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ သံတမန်အကြီးအကဲများနှင့် ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံ မစ္စတာ ရာဟူးလ် ကူလ်ရှ် ရက်တ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီ ခရစ်နှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ သံတမန်အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ ဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပန်းစည်းပေးအပ် နှုတ်ဆက်စဉ်။ (သတင်းစဉ်)**



## လိုက်ပါသွား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊

***စာမျက်နှာ ၇ ကော်လံ ၁***



မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်နေသော မော်တော်ယာဉ်တစ်စီးကို အောက်တိုဘာ ၂၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# အန်ဘာပြည်နယ်၌ ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်ခံရ၍သေဆုံး

အန်ဘာ အောက်တိုဘာ ၂၄

**အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

အဆိုပါ အန်ဘာပြည်နယ်သည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ရာတွင် ပြင်းထန်သော ပြည်နယ်တစ်ခုဖြစ်သည်။ သေဆုံးသွားသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်မှာ အသက်(၂၅)နှစ်အရွယ်ရှိ ဆင်ဒေါ့ဂလက်အီဘတ်စ်ကွန်ဆိုသူဖြစ်ပြီး အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်မှ ဖြစ်သည်။

## အင်အားပြင်းထန်

ပြီးခဲ့သည့်လကတည်းက ခုခံတိုက်ခိုက်မှုများ ပြင်းထန်လာခဲ့သော ရာမာဒီနှင့် ဖော်လူဂျာမြို့များကဲ့သို့ အန်ဘာပြည်နယ်သည်လည်း အမေရိကန် တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်မှု အင်အားပြင်းထန်လာသော ပြည်နယ်တစ်ခု ဖြစ်သည်။

ထိုသို့ နည်းမျိုးစုံဖြင့် တိုက်ခိုက်ခဲ့မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ထိခိုက်ဒဏ်ရာရမှု အရေအတွက်သည်လည်း များပြားလာခဲ့ကြောင်း အမေရိကန် စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ရှိုင်းဒါဘွန်းက ပြောကြားသည်။**(အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အီရတ်၌ လာမည့် မတ်လနောက်ပိုင်း တပ်ဖွဲ့ဝင်များထားရှိတော့မည်မဟုတ်ကြောင်း ဒတ်ချ်ကာကွယ်ရေးဝန်ကြီး ပြောကြား

**အမ်စတာဒမ် အောက်တိုဘာ ၂၃**

အီရတ်နိုင်ငံ တောင်ပိုင်းတွင် ဖြန့်ချထားသော ဒတ်ချ်တပ်ဖွဲ့ဝင် ၁၄၀၀ ကို လာမည့်မတ်လနောက်ပိုင်း၌ အချိန်ထပ်မံတိုးချဲ့ပြီး ဖြန့်ချတော့မည် မဟုတ်ကြောင်း အီရတ်ကြားဖြတ်အစိုးရဝန်ကြီးချုပ် အယတ်အလာဝီအား ဒတ်ချ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်ကြောင်း သတင်းစာတစ်စောင်က ကြာသပတေးနေ့တွင် ဖော်ပြထားသည်။

## ဖော်ပြ

အီရတ်နိုင်ငံ ဆာမာဝါမြို့ တောင်ဘက် ဒတ်ချ်တပ်ဖွဲ့ဝင်များရှိရာ စစ်အခြေစိုက်စခန်း တစ်ခုသို့ အလည်အပတ် သွားရောက်ခဲ့ပြီးနောက် အီရတ် ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် အလာဝီနှင့် ဘဂ္ဂဒက်မြို့တွင် တွေ့ဆုံဆွေးနွေးစဉ် ဒတ်ချ် ကာကွယ်ရေးဝန်ကြီး ဟန့်ခ်ကင့်ပ်က အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်ကြောင်း အယ်ဂီမင် ဒတ်ဘလက် သတင်းစာက ဖော်ပြသည်။

## ပစ်ခတ်

အီရတ်နိုင်ငံ၌ ဖြန့်ချထားသော ဒတ်ချ်တပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒတ်ချ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည်။ ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦးမှာ ယခုသီတင်းပတ် အစောပိုင်းက အီရတ် လက်နက်ကိုင်များ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။

## ယိုယွင်းပျက်စီး

ဒတ်ချ်ကာကွယ်ရေးဝန်ကြီး ဟန့်ခ်ကင့်ပ်က ပြောကြားရာတွင် ပြီးခဲ့သည့်နှစ်က အီရတ်နိုင်ငံသို့ ၎င်းအလည်အပတ်လာရောက်ကတည်းက စပြီး အီရတ်တွင်လုံခြုံရေးအခြေအနေ ယိုယွင်းပျက်စီးလျက်ရှိနေကြောင်း ပြောကြားသည်ဟု အဆိုပါသတင်းစာက ရေးသားသည်။ **(အင်တာနက်)**

# ပါကစ္စတန်နိုင်ငံသားများ အီရတ်သို့ခရီးမသွားရန်သတိပေး

အစ္စလမ်မ္မာဘတ် အောက်တိုဘာ ၂၃

**အီရတ်နိုင်ငံသို့ ခရီးသွားလာခြင်းမပြုရန် ပါကစ္စတန်နိုင်ငံသားများအား သတိပေးထားကြောင်း ပါကစ္စတန်အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။**

အီရတ်နိုင်ငံတွင် သတ်ဖြတ်ခံရမှုနှင့် ဓားစာခံအဖြစ် ဖမ်းဆီးခံရမှုများကို ပါကစ္စတန်နိုင်ငံသားများ အလည်အပတ်ခရီးသွားရင်း ကြုံတွေ့ရနိုင်ကြောင်း၊ အီရတ်နိုင်ငံတွင် တည်ငြိမ်မှုကင်းမဲ့နေပြီး တိုက်ခိုက်မှုများ ဖြစ်ပွားနေဆဲဖြစ်ကြောင်း အဆိုပါပါကစ္စတန်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

## သတိပေး

အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးတွင် အမေရိကန်၏ မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပါကစ္စတန်နိုင်ငံကို ခြိမ်းခြောက်သည့် အချက်အလက်များအား အီရတ်နိုင်ငံမှ ပေးပို့လျက်ရှိနေသည့်အတွက် ပါကစ္စတန်နိုင်ငံသားများ အီရတ်သို့ ခရီးသွားရောက်ပါက အန္တရာယ်နှင့်ကြုံတွေ့ရနိုင်ကြောင်း သတိပေးထားသည်။

## ကန့်သတ်မည်

အီရတ်နိုင်ငံတွင် သတ်ဖြတ်ခံရမှုနှင့် ဓားစာခံအဖြစ် ဖမ်းဆီးခံရမှုများ ဖြစ်ပေါ်နိုင်သဖြင့် ပါကစ္စတန်နိုင်ငံသားများအနေဖြင့် အီရတ်နိုင်ငံသို့ ခရီးသွားလာခွင့်ကို ကန့်သတ်မည်ဖြစ်ကြောင်း၊ မကြာမီက ပြုလုပ်သော ပါကစ္စတန်နှင့် ကူဝိတ်ပြည်ထဲရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောကြားကြောင်း ဒေါင်းတူဒေး သတင်းစာက ဖော်ပြသည်။

## ထုတ်ပြန်ထား

အီရတ်နိုင်ငံတွင် စီမံကိန်းလုပ်ငန်းအမျိုးမျိုး လုပ်ကိုင်နေသော ကူဝိတ်အခြေစိုက် ပါကစ္စတန်နိုင်ငံသား ၄၀၀ ခန့်ကို ပါကစ္စတန်အစိုးရက အထက်ပါအတိုင်း သတိပေးချက် ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

# အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခဲ့မှု ကန်တပ်ကြပ်ကြီးတစ်ဦး ထောင်ဒဏ်ရှစ်နှစ်ကျခံရမည်

**ဘဂ္ဂဒက် အောက်တိုဘာ ၂၂**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းစခန်းတွင် အီရတ်အကျဉ်းသားများအား ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းနှင့် မဖွယ်မရာဆက်ဆံခြင်းတို့အတွက် အမေရိကန်တပ်ကြပ်ကြီး အိုင်ဗင်ဖရက်ဒီရစ်အား ထောင်ဒဏ်ရှစ်နှစ်ကျခံစေရန် ကြာသပတေးနေ့က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန် တပ်ကြပ်ကြီးဖရက်ဒီရစ်သည် အဘူဂါရိပ် အကျဉ်းစခန်း၌ အီရတ် အကျဉ်းသားများအား အရှက်တကွဲဖြစ်အောင် ညှဉ်းပန်းနှိပ်စက်ခဲ့မှုကြောင့် အပြစ်ပေးခံရသည့် အမေရိကန်တပ်ဖွဲ့ဝင်များမှ အဆင့်မြင့်ဆုံးတစ်ဦးလည်း ဖြစ်သည်။ အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ် အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် အဘူဂါရိပ် အကျဉ်းစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့ရာ၌ အမေရိကန်တပ်ကြပ်ကြီး ဖရက်ဒီရစ်မှာ အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခဲ့သည့် ပြစ်မှုငါးခုဖြင့် စွဲချက်တင်ခံခဲ့ရသူ တစ်ဦးဖြစ်သည်။

အဘူဂါရိပ်အကျဉ်းစခန်းတွင် တပ်ကြပ်ကြီးဖရက်ဒီရစ်မှာ အကျဉ်းသား တစ်ဦးအား ရင်ဘတ်နှင့် ဝမ်းဗိုက်များကို ပြင်းထန်စွာ ထိုးကြိတ်ခဲ့ကြောင်း လည်း သူကဝန်ခံပြောကြားခဲ့သည်။ အဘူဂါရိပ်အကျဉ်းစခန်းတွင် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ ဖရက်ဒီရစ်မှာ တတိယမြောက် ပြစ်ဒဏ်ကျခံရသူ တစ်ဦးဖြစ်သည်။ အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ အခြား အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးမှာစစ်ဘက်ဆိုင်ရာ စစ်ဆေးမှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရတ်တွင် သတင်းထောက်များ သတင်းရယူရန် ပိုမိုခက်ခဲလာ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၃**

အီရတ်နိုင်ငံတွင် သတင်းရယူရန် သတင်းထောက်များ၏ အခြေအနေသည် ပိုမိုဆိုးရွားလာလျက်ရှိသည်။ အီရတ်နိုင်ငံတွင် အမှန်တကယ်ဖြစ်ပွားနေသည့်အခြေအနေများကို ဓာတ်ပုံသတင်းထောက်များဖြစ်သူ စကောပီတာဆန်နှင့် သွန်မာအင်ဒါဆန်တို့ ရိုက်ကူးထားသော သတင်းဓာတ်ပုံများအရ သမိုင်းအထောက်အထားအဖြစ် မှတ်တမ်းတင်ခဲ့နိုင်သည်။

## ဖော်ပြ

စကော့ပီတာဆန်သည် ၁၉၉၆ ခုနှစ်ကစပြီး အီရတ်နိုင်ငံသို့ မကြာခဏ သွားရောက်ကာ သတင်းဓာတ်ပုံများ ရိုက်ကူးခဲ့သည့် လွန်ခဲ့သည့် ၁၈လအတွင်းက ရိုက်ကူးထားသော ဓာတ်ပုံများကိုလည်း ကဏ္ဍစုံ၊ မြင်ကွင်းစုံမှ ဖော်ပြထားသည်။

## ပိုမိုခက်ခဲ

အလားတူ ဓာတ်ပုံသတင်းထောက်တစ်ဦးဖြစ်သူ သွန်မာအင်ဒါဆန်ကလည်း အီရတ်နိုင်ငံသို့ ခြောက်ကြိမ် သွားရောက်ပြီး သတင်းယူခဲ့ရာ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုခက်ခဲလာခဲ့ကြောင်း ပြောကြားသည်။

အီရတ်တို့ဘက်မှ သတင်းရယူခြင်းက အမေရိကန်တို့ထံမှ သတင်းရယူခြင်းထက်ပိုမိုလွယ်ကူကြောင်းလည်း ပြောကြားခဲ့သည်။ ယခုအခါ ဆာဒါစီးတီး၊ နာဂျက်ဖ်၊ ရာမာဒီနှင့် ဖော်လူဂျာမြို့များသည် သတင်းရယူရန် မဖြစ်နိုင်တော့သည့် နေရာများဖြစ်ကြောင်း သိရသည်။

**(စီအင်န်အင်န်)**



## မီးလောင်

**မိုဆူးလ်မြို့တွင် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် မီးလောင်နေသော ကုန်တင်ယာဉ်တစ်စီးကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# မော်တော်ဆိုင်ကယ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဗီယက်နမ်ဆောင်ရွက်မည်

ဟန္နိုင်း အောက်တိုဘာ ၂၃

**ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းလိုအပ်ချက်အများစုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မော်တော်ဆိုင်ကယ် စက်မှုလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန် စီစဉ်ထားသည်။**

လာမည့်နှစ်များအတွင်း နှစ်စဉ် မော်တော်ဆိုင်ကယ်စီးရေ ၁၃သန်း ထုတ်လုပ်ပြီး ၃၀၀၀၀၀ခန့်ကို ပြည်ပသို့ တင်ပို့ရန် ခန့်မှန်းထားသည်။

### မှန်းဆ

စက်မှုလုပ်ငန်းဝန်ကြီးဌာနက ဖော်ဆောင်သည့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တစ်ရပ်အရ မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းဖြစ် မော်တော်ဆိုင်ကယ် အပိုပစ္စည်းထုတ်လုပ်မှုကို ၂၀၁၀ပြည့်နှစ်၌ ၉၀ရာခိုင်နှုန်းကျော်နှင့် စက်ကို ၈၀ရာခိုင်နှုန်းကျော် တိုးမြှင့်ထုတ်လုပ်ရန် မှန်းဆထားသည်။

ဗီယက်နမ်နိုင်ငံရှိ မော်တော်ဆိုင်ကယ်ကုမ္ပဏီများသည် ယခုနှစ်၏ ပထမသုံးလပတ်တွင် စီးရေတစ်သန်းကျော် ထုတ်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း
# နိုင်ငံတကာ သတင်းများ

# နေလေ့လာရေးမှန်ပြောင်း ၂၀၀၈ ခုနှစ်၌ တရုတ်လွှတ်တင်မည်

ပေကျင်း အောက်တိုဘာ ၂၃

**တရုတ်နိုင်ငံသည် ၂၀၀၈ခုနှစ်တွင် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ အာကာသနေလေ့လာရေးမှန်ပြောင်း(အက်စ်အက်စ်တီ)ကို လွှတ်တင်ရန် စီစဉ်လျက်ရှိကြောင်း တရုတ်နိုင်ငံအာကာသဦးဆောင်အဖွဲ့က သောကြာနေ့က ပေကျင်းမြို့၌ ပြောကြားသည်။**

အဆိုပါမှန်ပြောင်းသည် တရုတ် သိပ္ပံပညာရှင်များ အနေဖြင့် ကမ္ဘာ့အခက်ခဲဆုံး သိပ္ပံပညာဆိုင်ရာတစ်ခုအဖြစ် လေ့လာနိုင်မည်ဖြစ်ကြောင်း၊ နေ၏ မျက်နှာပြင်ရုပ်ပိုင်းဆိုင်ရာများကိုလည်း သုတေသနပြုနိုင်မည်ဖြစ်ကြောင်း အမျိုးသားအာကာသလေ့လာရေးအကြီးအကဲ အီဂေါ်ကျန်းက ပြောကြားသည်။

ယင်းအက်စ်အက်စ်တီကို ကမ္ဘာမြေပတ်လမ်းအထက် ကီလိုမီတာ ၇၃၅ပတ်လမ်းအတွင်းသို့ထားရှိမည်ဖြစ်ကြောင်း တရုတ်သိပ္ပံအကယ်ဒမီ (စီအေအက်စ်)က ဆင်ဟွာနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ငင်းမှန်ပြောင်းသည် နေ၏မျက်နှာပြင်တည်ဆောက်ပုံများ၊ နေစွမ်းအင်သံလိုက်စက်ကွင်းများ၊ စွမ်းအင်စုစည်းနေပုံများ၊ နေရောင်ခြည်ထုတ်လွှင့်မှုများနှင့် နေနှင့်ကမ္ဘာ အပြန်အလှန်အကျိုးပြုပုံများကို လေ့လာနိုင်မည်ဟု ဆိုသည်။

နေဖြစ်တည်ပုံများကို လွှမ်းခြုံထားသော နေသံလိုက်စက်ကွင်းသည် တိုင်းထွာရန် အလွန်ခက်ခဲကြောင်း၊ ၂၁ ရာစု၏ ရူပဗေဒဆိုင်ရာ အခက်ခဲဆုံးပြဿနာလေးခုအနက် နေသံလိုက်စက်ကွင်းဖြစ်ကြောင်း ဗြိတိသျှရူပဗေဒဂျာနယ်က ဖော်ပြထားသည်။ အမ်အင်အေ၊ဆင်ဟွာ



### ရိုးရာလှေများ

**အိန္ဒိယနိုင်ငံ ဘန်ဂလိုတောင်ဘက်မိုင် ၁၅၀အကွာ ဗီးရပ်ပန်ကျေးရွာမှ ရှစ်မိုင်အကွာတွင် ကျေးရွာသားများ ရိုးရာလှေများဖြင့် ကော်ဗဲရီးမြစ် ကို ဖြတ်ကူးနေကြစဉ်။**

(အဆိုပါဒေသသည် သဘာဝတောတောင် မြေယာရှုခင်းများဖြင့် သာယာလှပသည့်ဒေသဟု လူသိများသောဒေသဖြစ်သည်။) **(ဓာတ်ပုံ-အင်တာနက်)**

# မလေးရှားလေကြောင်းပျံသန်းရေး ဈေးကွက် လာမည့်နှစ်များတွင် တိုးတက်မှုခိုင်မာဖွယ်ရှိ

ကွာလာလမ်ပူ အောက်တိုဘာ ၂၃

**မလေးရှားနိုင်ငံ၏ ပြည်တွင်းနှင့် နိုင်ငံတကာဆိုင်ရာ လေကြောင်းပျံသန်းရေးဈေးကွက်များသည် လာမည့်နှစ်များအတွင်း စီးပွားတိုးတက်ဖြစ်ထွန်းမှုခိုင်မာဖွယ်ရှိကြောင်း မလေးရှားအမျိုးသားသတင်းဌာနက ဗုဒ္ဓဟူးနေ့၌ သတင်းဖော်ပြခဲ့သည်။**

မလေးရှားနိုင်ငံ၏ အကောင်းဆုံး ကမ္ဘာ့လှည့်ခရီးသည် အခြေခံအဆောက်အအုံနှင့် ကောင်းမွန်သော တစ်ဦးချင်း ပျမ်းမျှဝင်ငွေအဆင့်သည် လေကြောင်းဈေးကွက် တိုးတက်မှုကို အားဖြည့်လောင်းမြှင့်တင်ပေးမည်ဖြစ်ကြောင်း ပြည်တွင်းလေကြောင်း ပျံသန်းရေး အတိုင်ပင်ခံအုပ်စုဖြစ်သည့် အက်စ်အေပီအုပ်စု ပြောကြားချက်ကို သတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံ၏ တစ်ဦးချင်း စုစုပေါင်းထုတ်ကုန်တန်ဖိုး(ဂျီဒီပီ)သည် လွန်ခဲ့သည့်နှစ်၌ ဒေါ်လာ ၄၀၀၀ခန့်ထိ ရှိခဲ့သည်။

မလေးရှား လေဆိပ်များတွင် ပြည်တွင်းခရီးသည်သွားလာမှုသည် ပြီးခဲ့သည့်နှစ်၌ ၁၁၃သမ၂ရာခိုင်နှုန်းဖြင့် ခိုင်မာစွာတိုးတက်ခဲ့သည်။

### ပို့ဆောင်ပေး

မလေးရှားနိုင်ငံ၌ လေကြောင်းကုမ္ပဏီနှစ်ခုရှိရာ မလေးရှားလေကြောင်းလိုင်းနှင့် အဲယားအေးရှဖြစ်ပြီး မလေးရှားလေကြောင်းလိုင်းက ၂၀၀၄ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ၌ ခရီးစဉ်အားလုံးအတွက် စုစုပေါင်း ထွက်ခွာသော ပြည်တွင်းခရီးသည်များ၏ ၇၇ရာခိုင်နှုန်း ပျံသန်းပို့ဆောင်ပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ယခုနှစ်တွင်တရုတ်သီးနှံ အထွက်ကောင်းမည်

**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်နိုင်ငံသည် ယခုနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းတွင် ကောင်းသော ရိတ်သိမ်းမှုတစ်ရပ်ဖြစ်ပြီး ယခင်နှစ်က ထက် စုစုပေါင်းသီးနှံထွက်ကုန် သိသိသာသာ တိုးလာမည်ဖြစ်ကြောင်း တရုတ်အမျိုးသား စာရင်းအင်းဗျူရို (အင်န်ဘီအက်စ်)၏ ပြောခွင့်ရပုဂ္ဂိုလ်က ပေကျင်းမြို့၌ သောကြာနေ့က ပြောကြားသည်။

### တိုးလာမည်

အင်န်ဘီအက်စ်ပြောခွင့်ရပုဂ္ဂိုလ် ကျန်ကျင်ပင်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားရာ၌ ဆန်ထွက်ကုန်သည် ကီလို ၃၂ ဒသမ ၂ ဘီလီယံရှိကာ ၈ဒသမ ၈ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကြောင်း၊ ၄ ဒသမ ၈ ရာခိုင်နှုန်းသည် နွေသီးနှံများဖြစ်ကြောင်း ပြောကြားသည်။

### ရိတ်သိမ်း

ဆောင်းသီးနှံများလည်း အကောင်းဆုံးရိတ်သိမ်းနိုင်မည်ဟု မျှော်လင့်ရကြောင်း ကျန်ကပြောကြားသည်။

ရိတ်သိမ်းမှုအဆင်ပြေစေရေးအတွက် အစိုးရက အောင်မြင်သော မူဝါဒများ၊ အစီအမံများကို လယ်သမားများအား နှီးဆော်ပေးလျက်ရှိကြောင်း ကျန်ကပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# သိပ္ပံနှင့်နည်းပညာများတိုးတက်စေမည့်ပြပွဲ စင်ကာပူ၌ အာရှ၏ပထမဆုံးပြပွဲအဖြစ်ပြသ

စင်ကာပူ အောက်တိုဘာ ၂၃

**စင်ကာပူနိုင်ငံသည် အာရှ၏ ပထမဆုံး ဗီဒီယိုဂိမ်းပြပွဲကို ပြသခဲ့သည်။**

အဆိုပါ ဗီဒီယိုဂိမ်းပြပွဲသည် ပြည်သူများအား သမိုင်း၊ ယဉ်ကျေးမှုနှင့် ဗီဒီယိုဂိမ်း၏အနာဂတ်နှင့် ၎င်းနှင့်ဆက်စပ်နေသည့် သိပ္ပံနှင့်နည်းပညာများကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲကို ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် စင်ကာပူသိပ္ပံဗဟိုဌာန၊ စင်ကာပူအင်ဖိုကွန်း ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်တို့က ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ယနေ့အချိန်အခါသည် ဂိမ်းတန်ဖိုးကို မြှင့်တင်ရန် အခါသမယပင်ဖြစ် ကြောင်း၊ ဖျော်ဖြေမှု အရှိန်အဟုန်ကို ရရှိစေမည့် ရေပန်းစားလာသည့်အရာ ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ဆက်သွယ်ရေး၊ အနုပညာဝန်ကြီး ဘာလာဂျီဆာဒစ်ဆီဗန်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်နိုင်ငံ၏ နဝမမြောက်ရိုးရာပွဲတော် သက်ကြီးရွယ်အိုများနေ့အဖြစ် ပြောင်းလဲလာ

ပေကျင်း အောက်တိုဘာ ၂၃

**တရုတ်သက်ကြီးရွယ်အိုများနေ့သည် သောကြာနေ့တွင် ကျရောက်ပြီး ယင်းတို့ကိုပို၍ ပြုစုစောင့်ရှောက်ရန် မေတ္တာရပ်ခံထားသည်။ ယနေ့ခေတ်တွင် တရုတ်လူမျိုးတို့၏ သက်တမ်းသည် ၇၂နှစ်သက်တမ်းသို့ ရောက်ရှိလာပြီး အသက်ကြီးသူများအဖို့ ယင်းတို့၏ဘဝကို ပျော်ရွှင်မှုရရန် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ရေး လိုအပ်လျက်ရှိကြောင်း လူမှုရေးပညာရှင်များက ပြောကြားသည်။**

တရုတ်နိုင်ငံ၏ များပြားသော သက်ကြီးရွယ်အိုများ များပြားလာချိန်တွင် ယင်းကိစ္စသည် အထူးလိုအပ်ကြောင်း ၎င်းတို့က ပြောသည်။ တရုတ်နိုင်ငံတွင် အသက် ၆၀အထက် လူဦးရေ သန်း ၁၃၀ရှိလာပြီး ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အိုအများဆုံး နိုင်ငံဖြစ်လာသည်။ ၂၀၅၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အိုပေါင်း သန်း ၄၀၀ အထိရှိလာနိုင်ကြောင်း မျှော်လင့်ရသည်။

တရုတ်နိုင်ငံ၏ နဝမမြောက်ပွဲတော်သည် တရုတ်လို "ချောင်ယန်ဂျီး"ဟုခေါ်ပြီး တရုတ်လူနာပြက္ခဒိန်အရ ကိုးလ၊ ကိုးရက်နေ့တွင် ကျရောက်သည်။ တရုတ်လိုကိုးသည် ကံကောင်းခြင်း ကိုးနှစ်ဆသည် အလွန်ကံကောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ တရုတ်နိုင်ငံတွင် ယင်းနေ့ကို နှစ်ကာလကြာညောင်းလာသည့်အခါ သက်ကြီးရွယ်အိုများနေ့ ဖြစ်လာသည်။

### ထူးခြားချက်

အဆိုပါရိုးရာပွဲတော်သည် တောင်တက်ခြင်း၊ ဆန်မုန့်နှင့် အုန်းသီးများစားသုံးခြင်း၊ အလှအပနှင့်အမွှေးနံ့သာများပြုခြင်း စသည်တို့သည် ထူးခြားချက်များဖြစ်သည်။

ယနေ့အခါတွင် အစိုးရက အလွှာစုံတွင် အဆိုပါပွဲတော်ကို သက်ကြီးရွယ်အိုများအတွက် အမျိုးမျိုးအဖုံဖုံ ဆောင်ရွက်စေခဲ့သည်။

### ပြောဆိုနိုင်

သက်ကြီးရွယ်အိုအများသည် ထိုနေ့တွင် ယင်းတို့၏ ဘဝအဆင်မပြေမှုများကိုတွေ့နေမှုကို ပြောဆိုနိုင်ကြကာ အထူးသဖြင့် ဈေးဆိုင်သွားပြီး အဝတ်အစားများ ရွေးချယ်ပေးခြင်းများ ပြုလုပ်ကြသည်။

### ဆောင်ရွက်ပေး

တရုတ်အစိုးရသည် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏အစီအစဉ်တစ်ရပ်အဖြစ် သက်ကြီးရွယ်အို ပွဲတော်ကို ဆောင်ရွက်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံရှိ ပေကျင်း၊ ဓီယာမင်၊ နန့်ချောင်စသော မြို့ကြီးများ၌ သက်ကြီးရွယ်အိုပြုစုရေးဌာနများ ဖွင့်လှစ်ပေးထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရန်န္ယူကလီးယားလက်နက် အစီအစဉ်နှင့် ပတ်သက်၍ အိန္ဒိယကူညီသည်ဟုဆိုသော အမေရိကန်စွပ်စွဲချက်အပေါ် အိန္ဒိယနိုင်ငံက အလေးမထား ကြောင်းပြောဆို

**နယူးဒေလီ အောက်တိုဘာ ၂၄**

အီရန်နိုင်ငံ၏ န္ယူကလီးယားလက်နက် အစီအစဉ်များနှင့်ပတ်သက်၍ အိန္ဒိယလူမျိုးသုံးဦးက အကူအညီပေးခဲ့သည်ဟု စွပ်စွဲချက်အပေါ် အမေရိကန်က အရေးယူဆောင်ရွက်ရန် တင်ပြမှုကို အိန္ဒိယနိုင်ငံက အလေးမထားဟု စနေနေ့က န္ယူကလီးယားဆိုင်ရာ ပြဿနာများဆွေးနွေးပွဲတွင် ပြောကြားလိုက်သည်။

မိမိတို့သည် ယင်းအိန္ဒိယလူမျိုးသုံးဦးအား သတင်းဖော်ပြခဲ့သည့် အရေးယူရန်အစီအစဉ်ကို ဂရုမစိုက်ကြောင်း၊ ဘုရှ်၏အုပ်ချုပ်ရေးသည် အီရန်နိုင်ငံ၏ န္ယူကလီးယားအစီအစဉ်တွင် ဝါရှင်တန်က အပြင်းအထန်တောင်းဆိုမှုကို ကူညီပေးရန် အိန္ဒိယသုံးဦးကို အရေးယူရေး စဉ်းစားနေကြောင်း ပြည်ပရေးရာဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် နက်ဗ်တီဆာနာက ပြောကြားသည်။

### ပါဝင်ပတ်သက်မှုမရှိ

အခြားသော အစီအစဉ်များ ဆွေးနွေးခဲ့လျှင် နောက်ဆောင်ရွက်မည့် ဆွေးနွေးမှုသည် ထိုကိစ္စများကို ဆွေးနွေးရာ သင့်တော်သည့်ဆွေးနွေးမှုဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်က အရေးယူရန် ပြောဆိုထားသူများမှာ အိန္ဒိယသိပ္ပံပညာရှင် စီဆာရင်ဒါနှင့် ဝိုင်အက်စ်အာပရာဆက်တို့သည် ယင်းကိစ္စတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ၎င်းက ပြောကြားသည်။

နယူးဒေလီက ဝါရှင်တန်အား ပြောကြားရာတွင် န္ယူကလီးယားပစ္စည်းများ တပ်ဆင်ရေးနှင့် နည်းပညာများ ရောင်းချ ခြင်းမရှိကြောင်း အမေရိကန်က ယင်းကိစ္စကို ပြန်လည်စဉ်းစားပြီး အရေးယူမှုကို ပြန်လည်ရုပ်သိမ်းပေးရန် ပြောကြားသည်။ **(ပီတီအိုင်)**

# မျက်မမြင်ကျောင်းများနှင့်မေရီချက်ပ်မင်းနားမကြားသောကလေးများကျောင်းသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများ ဆန်၊ဆီ၊ဆား၊ဆေး၊ပဲနှင့်ငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၄

**ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်တော်လေးကက်သလစ်သီလရှင်များ ဘိုးဘွားရိပ်သာသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ်သိမ်ဖြူလမ်းရှိ အဆိုပါဘိုးဘွားရိပ်သာခန်းမဦကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများ၊ တိုင်း၊ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကက်သလစ်သီလရှင်၊ ဘိုးဘွားရိပ်သာ ရိပ်သာမှူးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ကြသည်။**

ရှေးဦးစွာ ကက်သလစ်သီလရှင်များ ဘိုးဘွားရိပ်သာမှ စစ္စတာမာရီအေးအေးလင်းက အဖွင့်ဆုတောင်းမေတ္တာရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

## ပေးအပ်လှူဒါန်း

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ဆန်၊ဆီ၊ပဲနှင့် အလှူငွေကျပ် ၁၀၀၀၀၀တို့ကို မိသားစုများကိုယ်စားကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့်စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ရိပ်သာမှူးမာသာရ်ကလဲထံပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန် အရှေ့ပိုင်းခရိုင်နှင့် မင်္ဂလာတောင်ညွန့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က လှူဒါန်းကြသော ဆန်များနှင့်အလှူငွေများကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိန်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က ရိပ်သာမှူး မာသာရ်ကလဲထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဌာနဆိုင်ရာများနှင့် စေတနာရှင်များကလှူဒါန်းကြသော ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အလှူရှင်များက ရိပ်သာမှူး မာသာရ်ကလဲထံ ပေးအပ်လှူဒါန်းကြသည်။

## အလှူငွေလက်ခံ

ဆက်လက်၍ အလှူငွေများအဖြစ် စန္ဒီပရ ဆေးမိသားစုက ငွေကျပ် ၂၀၀၀၇၀၊ ထွန်းရွှေဝါ ဆေးတိုက်က ငွေကျပ် ၅၀၀၀၀၊ သီလရှင်ဘိုးဘွားရိပ်သာ အလှူရှင်များနှင့် မြန်မာယူနီဗာဆယ်ဘဏ်တို့က ငွေကျပ်၅၀၀၀၀၀စီ၊ စိန်မေတ္တာမွန်ဆားစက်၊ ကြက်လျှာစွန်းဒံပေါက်ဆိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ နိုင်ဂရု(ပ်)ဆောက်လုပ်ရေးနှင့် ချယ်ရီဦးနာရီဆိုင်၊ မားသားထရေးဒင်းကုမ္ပဏီလီမိတက်၊ ကွယ်လွန်သူ ဦးစိန်ကြည်အား ရည်စူး၍ ကျန်ရစ်သူ မိသားစုနှင့် မားသားလန်းကုမ္ပဏီတို့က ငွေကျပ် ၃၀၀၀၀၀ စီ၊ တာမွေ မြို့နယ်မှ ဒေါက်တာမိုးတင်၊ သဃ်န်းကျွန်းမြို့နယ်မှကြည်သာရတနာရွှေဆိုင်၊ ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဒေါက်တာအောင်သိန်း၊ ဒေါက်တာဝင်းဇော်နှင့်ဦးတင်စိန်တို့က ငွေကျပ် ၁၀၀၀၀၀ စီ၊ ဦးသောမတ်၊ MMM ဆောက်လုပ်ရေးနှင့် ဒဂုံဆိပ်ကမ်း စက်မှုဇုန်တို့က ငွေကျပ် ၂၀၀၀၀၀ စီ၊ ယုဇနပလာဇာမိသားစုက ငွေ၁၆၇၀၆၅ကျပ်၊ဒီဇင်ဘာစတား ဆောက်လုပ်ရေးက ငွေကျပ် ၁၂၆၀၀၀၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီ၊ ပြည်လုံးချမ်းသာ ဆေးတိုက်၊ ဒဂုံ(တောင်)စက်မှုဇုန်၊ စိတ်တိုင်းကျ ဦးအေးကြည်၊ ဖာသာ S.S. Arul၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်း၊ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ဦးရာဂျူးမိသားစု၊ ဦးဂျိုးဇက်မိသားစု၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ စိန်ဂျွန်းကျောင်း ဘုန်းတော်ကြီးနှင့် အလှူရှင်များက ငွေကျပ် ၁၀၀၀၀၀စီ၊ ဦးတင်ထွန်း–ဒေါ်ခင်ညွန့်တို့က FEC၁၀၀၊ ဆန်းမြန်မာကုမ္ပဏီလီမိတက်က ငွေကျပ် ၆၂၀၀၀၊ မြောက်ဥက္ကလာပ ချမ်းမြေ့စတိုးက ငွေကျပ် ၅၄၀၀၀၊ သမ္မတသက်န်းတိုက်၊ မြင့်မြတ်စပါးရောင်းဝယ်ရေးနှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ် ၅၀၀၀၀ စီ၊ ဘီတီဘီကုမ္ပဏီကငွေကျပ်၂၀၀၀၀၀၊ဦးဖေလှိုင်မိသားစု၊ စုပါဝမ်းကုမ္ပဏီ လီမိတက်၊ မြန်မာဂလိုဂွန် အထည်ချုပ်စက်ရုံ၊ ဦးအောင်ကျော်ထူးမိသားစု၊ ဦးစိန်ဝင်းမိသားစု၊ ဦးစိန်ထွန်းမိသားစု၊ ဒဂုံမြောက်ပိုင်း စီးပွားရေးဖွံ့ဖြိုးမှုဇုန်၊ စိန့်ဂျိမ်းဝတ်ကျောင်းနှင့် ဦးစီကေနိုချမ်းမိသားစုတို့က ငွေကျပ် ၅၀၀၀၀စီ အပါအဝင် အလှူရှင်များက အလှူငွေပေါင်း ၇၀၃၈၁၃၅ ကျပ်ကို ပေးအပ်လှူဒါန်းကြရာ ကက်သလစ် သီလရှင် ဘိုးဘွားရိပ်သာမှ ရိပ်သာအဖွဲ့ဝင် သီလရှင် စစ္စတာများက လက်ခံကြသည်။



ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်တော်လေး ကက်သလစ်သီလရှင်များ ဘိုးဘွားရိပ်သာနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်ရှိ မေရီချက်ပ်မင်းနားမကြားသော ကလေးများကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆန်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် အလှူငွေများ လှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများက ဆန်၊ဆီ၊ဆား၊ပဲနှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရိပ်သာမှူးမာသာရ်ကလဲက အပိတ်ဆုတောင်းမေတ္တာရွတ်ဆို၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်ဘုန်းတော်ကြီးဖာသာရ်ဒေးဗစ်စောတင်ထွဋ်နှင့် ဖာသာရ် အက်ဒဝင်ဒေးဗစ်တို့က ကောင်းချီးမင်္ဂလာ ဆုတောင်းမေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်တော်လေး ကက်သလစ်သီလရှင်များ ဘိုးဘွားရိပ်သာသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆန်၆၄အိတ်၊ ဆီ၁၆ပိဿာ၊ အိုင်အိုဒင်းဆား ၁၅၇ ပိဿာ၊ သွားတိုက်ဆေးဘူး ၃၂ဘူး၊ တိုင်းရင်းဆေးမျိုးစုံ၁၄၁၃ ဘူး၊ ပဲ၃၁ပိဿာနှင့် အလှူငွေစုစုပေါင်း ၇၀၃၈၁၃၅ ကျပ်ဖြစ်သည်။

အလားတူတပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဒဂုံ၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်မြို့နယ်များအတွင်းရှိ နားမကြားသောကလေးများကျောင်းနှင့် မျက်မမြင်ကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် ဒဂုံမြို့နယ် သံတမန်လမ်းရှိ မေရီချက်ပ်မင်းနားမကြားသောကလေးများကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်၍ အလှူငွေများ ပေးအပ်သည်။

## တက်ရောက်

အခမ်းအနားသို့တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒဂုံ၊ မရမ်းကုန်းနှင့် ကြည့်မြင်တိုင်မြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒဂုံမြို့နယ်မေရီချက်ပ်မင်းနားမကြားသောကလေးများကျောင်း၊ ကြည့်မြင်တိုင်နှင့် မရမ်းကုန်းမြို့နယ် မျက်မမြင်ကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မေရီချက်ပ်မင်းနားမကြားသောကလေးများကျောင်း ကျောင်းအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ သာသနာပိုင်ချုပ် ဦးမန်းစံစီဌေးက ဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကလှူဒါန်းသော ဆန်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် အလှူငွေများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးချန်မောင်တို့က ကျောင်းအုပ်ဆရာမကြီးများဖြစ်ကြသည့် ဒေါ်ခင်မေဆင့်၊ ဒေါ်ယုယုဆွေနှင့် ဒေါ်ဇီနာဒွန်းတို့အား ပေးအပ်လှူဒါန်းကြသည်။



ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်၊ မရမ်းကုန်းနှင့် ဒဂုံမြို့နယ်များရှိ မျက်မမြင်ကျောင်းများနှင့် မေရီချက်ပ်မင်းနားမကြားသော ကလေးများကျောင်းသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် အလှူငွေများ လှူဒါန်းပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆန်အိတ်များနှင့် ငွေကျပ် ၈၀၀၀ကိုလည်းကောင်း၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများက ဆန်၊ဆီ၊ဆား၊ဆေး၊ပဲတို့ကိုလည်းကောင်း ဒဂုံမြို့နယ် မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဆင့်ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေး ပညာဦးစီးဌာနက တိုင်းရင်းဆေးဘူး၁၅၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆန်ငါးအိတ်နှင့် ငွေကျပ်တစ်သိန်းငါးသောင်း၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး စန္ဒီပရဆေးက ဆန်၁၀အိတ်နှင့် ငွေကျပ်နှစ်သိန်းနှင့်ကျပ်၇၀၊ မြန်မာပြည်သားဟော့ ကေအင်ကုမ္ပဏီ ဦးတင်ဝင်း–ဒေါ်စန်းဝင်းက ငွေကျပ် တစ်သိန်းငါးသောင်း၊ သမ္မတသက်န်းတိုက်မှ ဦးသန်းနိုင်–ဒေါ်ကြည်ကြည်ဆွေတို့က ငွေကျပ်တစ်သိန်းငါးသောင်း၊ ပြည်လုံးချမ်းသာဆေးတိုက် သမားတော်ကြီး ဦးဘိုကြီး–ဒေါ်သန်းသန်းမိသားစုက ငွေကျပ်တစ်သိန်း၊ ဆန်းမြန်မာကုမ္ပဏီလီမိတက်မှ ဦးမျိုးအောင်မိသားစုက ငွေကျပ်ရှစ်သောင်း၊ မြောက်ဥက္ကလာပ ချမ်းမြေ့စတိုးမှ ဦးသန်းမောင်–ဒေါ်ငွေကြည်တို့က ငွေကျပ် ငါးသောင်းလေးထောင်၊ ထွန်းရွှေဝါ ဆေးတိုက်မှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေတို့က ငွေကျပ်ငါးသောင်း၊ဘုရင့်နောင် အိုကေဆန်ပွဲရုံမှ ဦးငြိမ်း–ဒေါ်အုန်းကြင်တို့က ဆန်၁၀အိတ်၊ ဦးအောင်မွန်–ဒေါ်လှလှမော်(မြင့်မြတ် စပါးစိုက်ပျိုးရေး)က ငွေကျပ် ငါးသောင်း၊လမ်းမတော်မြို့နယ်မှဒေါ်လှလှက ငွေကျပ် သုံးသောင်း၊ ဦးစိုးမြင့်အောင်–ဒေါ်စိုးစိုး(နိုကာသောက်ရေသန့်) ကငွေကျပ်သုံးသောင်း၊ တိုင်းရင်းဆေး ဆရာကြီး ဦးရွှေမြ မိသားစုက ငွေကျပ်နှစ်သောင်းနှင့် တိုင်းရင်းဆေးဘူး ၁၂၀၀၊ မန္တလေးမြို့ အားသစ်မာန်ဆေးတိုက်မှ ဦးတင်မောင်အေးနှင့် မိသားစုက တိုင်းရင်းဆေးမျိုးစုံဘူး၁၅၀၊ ဦးဝိစာရ အိမ်ရာမှ ဒေါ်မြသိန်း၊ သားမောင်ရန်ရှင်း တို့က ငွေကျပ် သုံးသောင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့က ဆန်ငါးအိတ်၊ ဒဂုံမြို့နယ်မှဆရာမကြီး ဒေါ်အေးအေးသန်းကငွေကျပ်တစ်သိန်းတစ်သောင်း၊ သီရိမွန် ပလာဇာသာယာရေးကော်မတီက ငွေကျပ် တစ်သိန်းတစ်သောင်း၊ မရမ်းကုန်းမြို့နယ် လှသီတာရွှေဆိုင်မှ ဦးအေးမြင့်–ဒေါ်ခင်သန္တာဝေတို့က ငွေကျပ်တစ်သိန်း၊ ဒေါ်လှဲ့လှဲ့ဝင်း၊ သားမောင်ကောင်းမြတ် ဟိန်း( Diethem Travel Ltd. ) က ငွေကျပ် တစ်သိန်း၊ ဦးစိုးလှိုင် (ပြည့်ဝဆောက်လုပ်ရေးမိသားစု)၊ ဦးတင်စွမ်း–ဒေါ်သန်းသန်းအေး၊ သား မောင်ပြည့်ဖြိုးထွန်း၊ မောင်ဝီရိန်ထွန်း၊ အိုလံပစ်ဟိုတယ် မိသားစုတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးရဲထွန်း–ဒေါ်ဝေဝေအောင်၊ သမီး ရတနာထွန်းတို့ကငွေကျပ်လေးသောင်းငါးထောင်၊ ကဏန်းလုပ်ငန်းရှင်များစည်းကမ်းထိန်းသိမ်းရေးကော်မတီက ငွေကျပ် သုံးသောင်း၊ မောင်အောင်ကျော်စိုး(တတိယတန်း၊ မေရီချက်ပ်မင်းနားမကြားသောကလေးများကျောင်း) ကငွေကျပ် နှစ်သောင်း၊ ဦးဝင်းနိုင်–ဒေါ်သီတာစိုး၊ သား မောင်စိုးထက်အောင်တို့က ငွေကျပ် ငါးသောင်း၊

စာမျက်နှာ ၁၀ ကော်လံ ၅ သို့



မြန်မာယူနီဗာဆယ်ဘဏ် ဒါရိုက်တာ ဒေါ်နန်းခမ်းတစ်(ပ်)က အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

**စာမျက်နှာ ၃ မှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကွန်ပျူတာ လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ၊ ပဲမျိုးစုံနှင့်နှမ်းလုပ်ငန်းရှင်များ၊ ငါးလုပ်ငန်းရှင်များ၊ စက်မှု ကုန်ထုတ်လုပ်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များ၊အထည်ချုပ်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ကုန်သွယ်ရေးကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပဏာမရှင်းလင်းပြောကြား**

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားရာတွင် ယခင် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အား တာဝန်မှ အနားပေးပြီးနောက်ပိုင်းတွင် ပြည်သူများ အပိုင်းမှာရော နိုင်ငံတကာမှာပါ ပထမအချက်အနေဖြင့် မိမိတို့နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အကောင်အထည်ဖော် ဆောင်ရွက်နေသော အမျိုးသားညီလာခံအပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ဆက်လက် အကောင်အထည်ဖော်မည့် အခြေအနေ၊ ဒုတိယအချက်အနေဖြင့် ဥပဒေဘောင်အတွင်း ရောက်ရှိပြီးဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအပေါ် သဘောထားအခြေအနေ၊ တတိယအချက် အနေဖြင့် နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒပြောင်းလဲမှု ရှိ မရှိ အခြေအနေတို့ကို စိတ်ပါဝင်စားစွာ သို့လောသို့လော မေးမြန်းတွေးတော ပြောဆိုမှုများရှိနေသည်ကိုတွေ့ရကြောင်း။

ယင်းအချက်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်ပြည့်မြောက်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု အတိအလင်း ပြောကြားလိုကြောင်း။

ဥပဒေဘောင်အတွင်းရောက်ရှိပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်နေသည့် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍လည်း ယခင်ကပင် ကျင့်သုံးလိုက်နာဆောင်ရွက်လာခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသော နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့်အညီ တစ်စုံတစ်ရာ အပြောင်းအလဲမရှိ ဆက်လက် လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း။

တတိယအချက်ဖြစ်သည့် မြန်မာနိုင်ငံ၏နိုင်ငံခြားရေးမူဝါဒကိုလည်း အပြောင်းအလဲမရှိ ဆက်လက် ကျင့်သုံးပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ယခင်အစဉ်အလာများနှင့်အညီ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်**

မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဆောင်ရွက်ရာတွင် တပ်မတော်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏အချုပ်အခြာအာဏာ (၃)ရပ်ကို စွဲကိုင်ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့နှင့်ဗဟိုအာဏာပိုင်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။



ယနေ့ နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မြင့်ဖေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

တစ်နည်းပြောရလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်ကချမှတ်ထားသောမူဝါဒများ၊အမိန့်ညွှန်ကြားချက်များ၊ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မှန်ကန်ညီညွတ်စွာ နိုင်ငံတော်အပေါ်သစ္စာရှိရှိတာဝန်ထမ်းဆောင်နိုင်မည်ဟုယူဆသော ပုဂ္ဂိုလ်များကို စိစစ်ရွေးချယ်ပြီး နိုင်ငံတော်၏တာဝန်အသီးသီးကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကပေးအပ်ထားသောတာဝန်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်၏မူဝါဒများ၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်ဆန့်ကျင်သွေဖည်မည်ဆိုလျှင်၊ပြည်သူအများ၏အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင် ထိုပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ထားခြင်းမှ ရုပ်သိမ်းရမည်သာ ဖြစ်ကြောင်း၊ ကုန်းတွင်းထွက်ပေါက်ဖြစ်သည့် မူဆယ်ဒေသ၌ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စည်းကမ်းဥပဒေ လိုက်နာခြင်းမရှိဘဲ ကျပ်သန်းထောင်ချီ၍ လာဘ်ပေးလာဘ်ယူပြုလုပ်ပြီး နိုင်ငံတော်၏အကျိုးစီးပွား ကုန်သွယ်သူများ၏အကျိုးကို များစွာထိခိုက်နစ်နာအောင် ဆောင်ရွက်ခဲ့သော တာဝန်ရှိဝန်ထမ်းများကို မိမိတို့ဖော်ထုတ် အရေးယူဆောင်ရွက်ခဲ့ရကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေးမူဝါဒများကို ထိခိုက်နစ်နာစေမည့် အခြေအနေ အချိန်အခါတိုင်းတွင် နိုင်ငံတော်၏မျက်နှာကိုသာကြည့်ပြီး လိုအပ်သည့်အရေးယူဆောင်ရွက်မှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့သည်သာဖြစ်ကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁**

## မွန်ပြည်နယ်ကိုယ်စားပြု မွန်ပြည်နယ် ရုပ်စုံအမြင့်သဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက် အနုသုခုမပညာကို လေးစားမြတ်နိုးတန်ဖိုးထားသော ပြည်သူများကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၂၄

**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟော်သဓာရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စတုတ္ထနေ့အဖြစ်ဆက်လက်ကျင်းပရာ မွန်ပြည်နယ်ကိုယ်စားပြု မွန်ပြည်နယ် ရုပ်စုံအမြင့်သဘင်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။**

ရုပ်သေး ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်ပွဲသို့ ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှကော်မတီဝင်များ၊စာပေ၊ ဂီတ၊ သဘင်ပညာရှင်ကြီးများ၊ အနုသုခုမပညာကို လေးစားမြတ်နိုး တန်ဖိုးထားကြသော ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှု အားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု မွန်ပြည်နယ်ရုပ်စုံအမြင့်သဘင်အဖွဲ့မှ ဇာတ်စာရေးဆရာ ဒါရိုက်တာ ရွှေမြိုင်တင်မောင် ရေးသားစီစဉ်သည့် ဇာတ်ညွှန်းကို စီမံအုပ်ချုပ်သူ ဦးမောင်မောင်တင့်နှင့် ရုပ်သေးတာဝန်ခံ ဦးခင်မောင်မြင့်တို့က စီစဉ်ကြီးကြပ်၍ သရုပ်ပြအမွှမ်းတင် ဦးချစ်ဝင်းစိန်၊ ကြိုးဆွဲပညာရှင်များဖြစ်ကြသော ဦးစိန်မောင်ဝင်း၊ ဦးအောင်သန်းထွန်း၊ဦးမြင့်သူ၊ဦးကျော်ကျော်လွင်၊ ဦးနေရိုင်းနှင့် ဒေါ်ရင်ရွှေ၊ ဆိုငိုပြော အသံပညာရှင်များ ဖြစ်ကြသော ဦးမြဝင်း၊ ဦးတင်ဝင်းအောင်၊ ဦးမိုက်မိုက်၊ ဒေါ်စိမ်းမာနှင့်ဒေါ်မြမြဝင်းတို့က ဆိုင်းဝိုင်းတော်သား ဦးစိန်ဌေးဝင်းအဖွဲ့နှင့် တွဲဖက်လျက် ဇာတ်ဝင်ခန်း ၁၅ခန်းတို့ဖြင့် အနုပညာရသမြောက်စွာ ယှဉ်ပြိုင်တင်ဆက်ကြရာ အကဲဖြတ်အဖွဲ့ခေါင်းဆောင် သဘင်ပညာရှင်ဦးရဲခွေးနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

အဆိုပါ ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၂၅ရက် ည ၇နာရီတွင် ပဥ္စမနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပမည် ဖြစ်ရာ ရန်ကုန်တိုင်း ကိုယ်စားပြု ရွှေပြည်သိင်္ဂါ ရုပ်စုံသဘင်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## ညလုံးပေါက် တရားဖြင့်ပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘန၏ သက်တော် ၅၇နှစ်ပြည့် ဝိဇာတ မင်္ဂလာအထိမ်းအမှတ်အဖြစ် တပည့်သံဃာတော်များနှင့် ယောဂီများက မြတ်စွာဘုရားရှင်အား သီတင်းကျွတ်လပြည့်(အောက်တိုဘာ ၂၈ရက်)တွင် ညလုံးပေါက်တရားဖြင့် ပူဇော်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

## အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊အုပ်ချုပ်သူများညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အုပ်ချုပ်သူများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ၅နာရီတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)၌ကျင်းပရာ ရှေးဦးစွာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက အမှာစကားပြောကြားပြီး ဆပ်ကော်မတီဝင်များ၊အုပ်ချုပ်သူများက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ကမ္ဘောဇဓာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အတီး/ဇာတ်သဘင် | အရေး | အတီး |
| ၁၂။ | ၂၅-၁၀-၂၀၀၄ (တနင်္လာနေ့) | **ဓမ္မပူဇာတေး** (နံနက်)<br>(၁) အခြေခံ(၁၀-၁၅)(မ)<br>**ခေတ်ဟောင်း/ကာလပေါ်** | **အိုးစည်**<br>(၁) အဆင့်မြင့်(နံနက်)<br>(၂) အခြေခံ(၁၀-၁၅)(နေ့လယ်)<br>(နေ့လယ်)<br>(၂) ပညာရှင်(ကျား)<br>ရွှေပြည်သိင်္ဂါရုပ်စုံသဘင်အဖွဲ့ | **အရေးသီချင်းပြိုင်ပွဲ**<br>(၁) ပညာရှင်<br>**ရုပ်သေးဇာတ်တော်ကြီး**<br>(ညပိုင်း) ရန်ကုန်တိုင်း | **နဲ**<br>(၁) ဝါသနာရှင်(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(နေ့လယ်)<br>(၃) အဆင့်မြင့်(နေ့လယ်) |
| ၁၃။ | ၂၆-၁၀-၂၀၀၄ (အင်္ဂါနေ့) | **ခေတ်ဟောင်း/ကာလပေါ်**<br>(နံနက်)<br>(၁) ပညာရှင်(မ)<br>(၂) အခြေခံ(၅-၁၀)(ကျား)<br>**ဓမ္မပူဇာတေး**(နေ့လယ်)<br>(၃) အခြေခံ(၁၀-၁၅)(ကျား) | **အိုးစည်**<br>(၁) ပညာရှင်(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(နေ့လယ်) | **အရေးသီချင်းပြိုင်ပွဲ**<br>(၁) အခြေခံ(၅-၁၀)<br>(နံနက်)<br>(၂) အဆင့်မြင့်(နေ့လယ်) | **ဆိုင်းအဖွဲ့လိုက်**<br>(၁) ပညာရှင်(မ) (နံနက်)<br>(၂) အခြေခံ(၁၅-၂၀)(မ)<br>(နေ့လယ်)<br>(၃) အခြေခံ(၅-၁၀)(မ)<br>(နေ့လယ်) |

# တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဆောင်ရွက်ရာတွင် တပ်မတော်ကိုယ်စား နိ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမျိုးသားရေးမူဝါဒများထိခိုက်နစ်နာစေမည်

စာမျက်နှာ ၇ မှ

## တာဝန်မှအနားပေးခဲ့

ယခင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အထက်ပါ အကြောင်းအချက်များအပြင် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းများအရ အမိန့်မနာခံမှု၊ အဂတိလိုက်စားမှု၊လာဘ်ပေးလာဘ်ယူမှုများနှင့်ပတ်သက်၍ ဆက်စပ်ပတ်သက်တာဝန်ရှိနေမှု၊ စည်းကမ်းနှင့်စနစ်တကျ ဆောင်ရွက်ရန် ပျက်ကွက်မှုတို့ကြောင့် တာဝန်မှအနားပေးခဲ့ရခြင်းဖြစ်ကြောင်း။

တပ်မတော်၏အစိတ်အပိုင်းအားလုံးသည် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်သာဖြစ်ကြောင်း၊ မည်သူမျှဥပဒေ၏ အထက်တွင်ကင်းလွတ်စွာမရှိကြောင်း၊ ပြည်သူများအပေါ် မောက်မာစွာဆက်ဆံခြင်း၊ အနိုင့်အထက်ပြုကျင့်ခြင်းများ အပါအဝင် ဥပဒေနှင့်မညီညွတ်သော၊ ဥပဒေကိုဆန့်ကျင်ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်သည့်အခါတိုင်း မိမိတို့ တိကျထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သည်သာဖြစ်ကြောင်း။

မည်သူမျှ ဥပဒေ၏အထက်တွင်မရှိ၊ လူပုဂ္ဂိုလ်တိုင်း ဥပဒေအရာတွင် တစ်ပြေးညီသာဖြစ်သည်ဟူသော သဘောထားနှင့်အညီ အရေးယူဆောင်ရွက်သည်မှာ မိမိတို့တပ်မတော်က အစဉ်တစိုက်လက်ခံကျင့်သုံးနေသော မူဝါဒပင်ဖြစ်ကြောင်း။

ယနေ့ရှင်းလင်းပွဲကို တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များမှာ အမြင်ကျယ်သော၊ အတွေ့အကြုံရင့်ကျက်သော၊ ပြည်တွင်းပြည်ပ အသိအမြင် အတွေ့အကြုံရှိသော၊ ဓနအင်အားရှိသော ပုဂ္ဂိုလ်များဖြစ်သည့်အတွက် နိုင်ငံတော်၌ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို အမှန်အတိုင်း ရှင်းလင်းသိမြင်ခြင်းအားဖြင့် နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူများ၏အကျိုးစီးပွားနှင့် ပုဂ္ဂလိကအကျိုးစီးပွားတို့ကို ယှဉ်တွဲဖြစ်ထွန်းစေရအောင် မှန်ကန်မျှတစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုသည့် သဘောထားခံယူချက်ဖြင့် ယခုကဲ့သို့ ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း ပဏာမပြောကြားသည်။

## တိုင်းပြည်တိုးတက်မှုသိသာမြန်ဆန်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရှင်းလင်းပြောကြားရာ၌ ယနေ့ ကုန်သည်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များကို ပထမဦးဆုံးပြောကြားလိုသည်မှာ ကြေညာထားပြီးဖြစ်သည့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမူဝါဒများကို ဆက်လက်ကျင့်သုံး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်အကြောင်းရင်းနှင့်မျှ နိုင်ငံတော်၏ဦးတည်ချက်များသည် ပြောင်းလဲစရာမရှိဟု ပြောကြားလိုကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ပေးသည့် နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ ပေါ်လစီမူဝါဒကို နိုင်ငံတော်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များကလည်း အောက်ခြေဆင်းကြပ်မတ်ပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် တစ်ရပ်လုံးကို စုပေါင်းခေါင်းဆောင်မှု၊ တစ်ဦးချင်းတာဝန်ယူမှုတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဦးဆောင်မှုအပိုင်းနှင့်အတူ ဌာနဆိုင်ရာနှင့်ပြည်သူများ ပူးပေါင်းအကောင်အထည်ဖော်ခြင်းကြောင့်လည်း တိုင်းပြည်တိုးတက်မှု သိသာမြန်ဆန်လာခြင်းဖြစ်ကြောင်း။

## ဦးတည်အကောင်အထည်ဖော်

အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင်လည်း နိုင်ငံတော်ကြီး၏အကျိုးစီးပွား၊ တိုင်းရင်းသားအားလုံး၏အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့် သွက်သွက်လက်လက် ထိထိရောက်ရောက် မှန်မှန်ကန်ကန် ထမ်းဆောင်နိုင်သည့် အစိုးရယန္တရားဖြစ်စေရေး၊ ကျင့်ဝတ်သိက္ခာချိုးဖောက်မှု၊ ဖောက်လွဲဖောက်ပြန်မှုနှင့် လာဘ်ပေးလာဘ်ယူမှုစသည့်ပြည်သူအပေါ် ဖိစီးနှိပ်စက်မှုများ မကျူးလွန်သည့် သန့်ရှင်းထက်မြက်သော အစိုးရယန္တရားဖြစ်စေရေးကို မျက်ခြည်မပြတ် ဦးတည်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား မှန်ကန်ထက်မြက်သွက်လက်နေမှလည်း ပြည်သူအားလုံးသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းလုံခြုံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး တိုင်းပြည်၏ စီးပွားရေးသည်လည်း ဘက်စုံကဏ္ဍစုံမှ ပို၍ပို၍ တောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်း။

## ပုဂ္ဂလိကအချိုးအစားမြင့်မား

ယနေ့ တိုင်းပြည်၏ စီးပွားရေးဘဝကို ကြည့်မည်ဆိုလျှင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ကျယ်ကျယ်ပြန့်ပြန့် ရပ်တည်ပါဝင်နေသည်ဆိုသည်ကို အားလုံးအသိဖြစ်ကြောင်း၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မှာရော၊ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့်ကုန်သွယ်မှုစသည့် ကဏ္ဍကြီးတစ်ခုချင်းအလိုက်တွင်ပါ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပါဝင်မှုအချိုးအစားသည် မြင့်မားနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏မူဝါဒအရ ခွင့်ပြုစောင့်ရှောက်မှု၊ လက်တွေ့ကျသည့် အားပေးမှုများကြောင့် ယနေ့ဆိုလျှင် လယ်ယာလုပ်ငန်းရှင်၊ စက်မှုလုပ်ငန်းရှင်၊ ဟိုတယ်လုပ်ငန်းရှင်၊ဘဏ်လုပ်ငန်းရှင်၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်၊ မွေးမြူရေးလုပ်ငန်းရှင် စသည့်စီးပွားရေးကဏ္ဍအလိုက် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအဖြစ် ကြီးပွားဖြစ်ထွန်းလာနေခြင်းသည် အိပ်မက်မဟုတ်ဘဲ လက်တွေ့ပင်ဖြစ်ကြောင်း၊ ယနေ့ ဤနေရာတွင် စုစည်းရောက် ရှိနေသော စီးပွားရေးလုပ်ငန်းရှင်များသည် ခေတ်ပြောင်း၊စနစ်ပြောင်းလုပ်ငန်းစဉ်ကို ဦးစီးတာဝန်ယူနေသော နိုင်ငံတော်အစိုးရက မွေးထုတ်လိုက်သည့် စီးပွားရေးအင်အားစုများပင်ဖြစ်ကြောင်း။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် ပုံမှန်လည်ပတ်ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး မှန်မှန်ကန်ကန် စည်းကမ်းရှိရှိ အမြင်ကျယ်ကျယ်ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

တိုးတက်မှုနှင့်အလုပ်၊ အလုပ်နှင့် စည်းကမ်းသည် ဒွန်တွဲလျက်ရှိသည်ကို အမြဲသတိထားရန်လိုအပ်ကြောင်း၊ စည်းမရှိ၊ ကမ်းမရှိ၊ စနစ်မရှိ တစ်ဦးကောင်း တစ်ယောက်ကောင်း ကြီးပွားချမ်းသာရေးအတွက် အကျင့်ပျက် ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ဆူလွယ်နပ်လွယ်သော ဖြတ်လမ်းကို မလျှောက်လှမ်းမိရန် အရေးကြီးကြောင်း၊ ပြီးခဲ့သည့်အပိုင်းများတွင် အပြုအမူလွဲမှားခဲ့သမျှကိုလည်း ပြုပြင်သွားကြရမည်ဖြစ်ကြောင်း။

## ရိုးရိုးသားသားလုပ်ကိုင်

နိုင်ငံတော်တွင် ပြောင်းလဲထူထောင်နေသော ဈေးကွက်စီးပွားရေးစနစ်ကို ပုံမှန်လမ်းကြောင်းနှင့်အညီ စနစ်ရှိရှိပုံဖော်ရန် တာဝန်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ရှေ့ရေး၊ ပြည်သူများ၏ရှေ့ရေးကို မျှတစွာထည့်သွင်းစဉ်းစားပြီး ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ဦးတည်ချက်ရှိရှိ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို စိတ်အေးချမ်းသာစွာ ရိုးရိုးသားသား လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်က တရားဝင်ခွင့်ပြုထားသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းများကို တရားဝင်လမ်းကြောင်းတိုင်း ပင်လယ်ထွက်ပေါက်မှဖြစ်စေ၊ ကုန်းတွင်းနယ်စပ် ထွက်ပေါက်မှဖြစ်စေ စည်းကမ်းတကျ လုပ်ကိုင်တတ်ကြရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ပိုင်ခွင့်ရှိသည့် အကျင့်ပျက်ဝန်ထမ်းများနှင့် လာဘ်ပေးလာဘ်ယူမှု၊ တံစိုးလက်ဆောင်ပေးမှုစသည့် မမှန်မကန်နည်းလမ်းများဖြင့် ပုဂ္ဂိုလ်ရေးဆန်ဆန် ရင်းနှီးပေါင်းဖက်မှုလုပ်ရပ်များသည် ရေရှည်တွင် မည်သို့မျှ အကျိုးဖြစ်ထွန်းမည်မဟုတ်သည့်အပြင် ပြည်သူများ၏အမြင်တွင် လူတစ်စုကောင်းစားရေး၊ လူနည်းစုသာကြီးပွားချမ်းသာရေးကို ဦးတည်နေသော ခေတ်သစ်လူတန်းစားသစ် ထူထောင်ရေးလုပ်ငန်းစဉ်များအဖြစ် အပြစ်တင်ရှုမြင်ခံရဖွယ်ရှိကြောင်း။

ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားတွင် တက်ရောက်လာကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား တွေ့ရစဉ်။ (သတင်းစဉ်)



# တော်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေ
# ခိုက်နှစ်နာစေမည့်အခြေအနေတိုင်းတွင် နိုင်ငံတော်၏မျက်နှာကိုသာကြည့်ပြီး ပြတ်ပြတ်သားသားဆောင်ရွက်ခဲ့



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့ ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

## တိုးတက်ဖွံ့ဖြိုးလာမည်

နိုင်ငံတော်အစိုးရက ပုဂ္ဂိုလ်ရေးအရ စောင့်ရှောက်ကာကွယ်မှုထက် မူဝါဒအရ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများအရ ပြည်သူအများ၏ ကောင်းစားရေးကို ကျောသားရင်သားမခွဲခြားဘဲ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေစိုးမိုးမှု၊ ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကို အပြည့်အဝခံယူပြီး စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့ စီးပွားရေးလုပ်ငန်းများကို စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင် ညီညီနိုင်နိုင် လုပ်ကိုင်သွားကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်ဝန်ထမ်းအဖွဲ့အစည်းများကလည်း မှန်မှန်ကန်ကန် ရိုးရိုးသားသား စည်းကမ်းရှိရှိ အားကြိုးမာန်တက် အလုပ်လုပ်ပြီး ပြည်သူလူထုကလည်း မိမိတို့၏ လုပ်ငန်းများကို ကျေကျေပွန်ပွန် စည်းကမ်းရှိရှိ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင် ဆောင်ရွက်ကြမည်ဆိုလျှင် နိုင်ငံတော်ကြီးသည် ယခုထက် ပိုမိုအရှိန်အဟုန်ရှိရှိ တိုးတက်ဖွံ့ဖြိုးလာမည်သေချာကြောင်း။

နိုင်ငံတော်အကြီးအကဲသည် ၁၉၉၉ခုနှစ် ဩဂုတ်လအတွင်းက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့စဉ်က **“လုပ်ငန်းရှင်တွေကလည်း မညာနဲ့၊ ကျွန်တော်တို့ကလည်း မညာဘူး၊ လုပ်ငန်းရှင်တွေကလည်း တိုင်းပြည်အပေါ်စေတနာထား၊ ကျွန်တော်တို့ကလည်း စေတနာထားမယ်၊ ကျွန်တော်တို့က ကူညီလို့ ကျေးဇူးရှင်ကြီးဆိုပြီး ဘာမှပေးစရာမလိုဘူး၊ ဒီလိုကူညီခြင်းကြောင့်လည်း ဘာရပါစေဆိုတဲ့ဆန္ဒလဲ ကျွန်တော်တို့မှာ မရှိဘူး၊ တိုင်းပြည်တိုးတက်စေချင်တာပဲဖြစ်တယ်”** ဟု ပြတ်ပြတ်သားသား ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် အရင်းအနှီးစုဆောင်းရာတွင်ပင်ဖြစ်ဖြစ်၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ပင်ဖြစ်ဖြစ်၊ ကုန်စည်ရောင်းဝယ်ရာတွင်ပင်ဖြစ်ဖြစ် စနစ်တကျအမြော်အမြင်ရှိရှိ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အရည်အသွေးတောက်ပြောင်သော လုပ်ငန်းရှင်များ၊ ရိုးသားဖြောင့်မတ်သည့်လုပ်ငန်းရှင်များ၊ အများကလေးစားသည့် လုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားကြစေချင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ **မိမိတို့ တပ်မတော်အစိုးရသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် အစဉ်အလာကောင်းကို အမြဲထိန်းသိမ်းလိုက်နာလျက်ရှိကြောင်း၊ မည်သည့်အခါမျှ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံကြောင်း။**

**လုပ်ငန်းရှင်များကို ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်များပေးသကဲ့သို့ ဥပဒေနှင့်အညီ အကာအကွယ်များလည်း ပေးမှာဖြစ်ကြောင်း၊ လိုအပ်သော အကူအညီများကိုလည်း ဆက်လက်ပေးသွားမှာဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအပါအဝင် ပြည်သူများကလည်း လာဘ်ပေးမှု၊ တံစိုးလက်ဆောင်ပေးမှုများကို မပြုလုပ်မိအောင် ထိန်းသိမ်းကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ထမ်းများအပိုင်းကလည်း လာဘ်ယူပြီး အကျင့်ပျက်နေမှုများ၊ ခြစားနေမှုများ၊ မလျော်ကန်သောနည်းလမ်းများဖြင့် ဩဇာလွှမ်းမိုးမှု၊ ခြိမ်းခြောက်မှုများကို မပြုလုပ်နိုင်အောင် အမျိုးသားထောက်လှမ်းရေးအဖွဲ့နှင့် ဥပဒေကိုဖျက်သိမ်း၍ ကာကွယ်ပေးခဲ့ပြီးဖြစ်ကြောင်း။**

**ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းများကို အေးချမ်းလုံခြုံစွာ စိုးရိမ်ကြောင့်ကြမှုမရှိ ဆက်လက်ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏စေတနာနှင့်မွန်မြတ်သော ရည်မှန်းချက်များကိုနားလည်သိရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားဖွံ့ဖြိုးရေးတို့အတွက် စေတနာရှိရှိ၊အသိတရားရှိရှိဖြင့် နိုင်ငံတော်နှင့်လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း**ဖြင့် နိဂုံးချုပ်ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် တက်ရောက်လာကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

**ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားတွင် တက်ရောက်လာကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား တွေ့ရစဉ်။ (သတင်းစဉ်)**



## မမှန်မကန်နည်းလမ်းများဖြင့် ရင်းနှီးပေါင်းဖက်မှုလုပ်ရပ်များ ရေရှည်တွင်မည်သို့မျှအကျိုးဖြစ်ထွန်းမည်မဟုတ်

❒ နိုင်ငံတော်ကပေးအပ်ထားသောတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ နိုင်ငံတော်၏မူဝါဒများ၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ဆန့်ကျင်သွေဖည်မည်ဆိုလျှင်၊ ပြည်သူအများ၏ အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင် ထိုပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ထားခြင်းမှ ရုပ်သိမ်းရမည်သာဖြစ်၊

❒ တပ်မတော်၏အစိတ်အပိုင်းအားလုံးသည် တပ်မတော်၏စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်သာဖြစ်ကြောင်း၊ မည်သူမျှဥပဒေ၏အထက်တွင် ကင်းလွတ်စွာမရှိကြောင်း၊ ပြည်သူများအပေါ် မောက်မာစွာဆက်ဆံခြင်း၊ အနိုင့်အထက်ပြုကျင့်ခြင်းများ အပါအဝင် ဥပဒေနှင့်မညီညွတ်သော၊ ဥပဒေကိုဆန့်ကျင်ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များပေါ် ပေါက်သည့်အခါတိုင်း မိမိတို့တိကျ ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့၊

❒ နိုင်ငံတော်က တရားဝင်ခွင့်ပြုထားသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းများကို တရားဝင်လမ်းကြောင်းတိုင်း ပင်လယ်ထွက်ပေါက်မှဖြစ်စေ၊ ကုန်းတွင်းနယ်စပ် ထွက်ပေါက်မှဖြစ်စေ စည်းကမ်းတကျ လုပ်ကိုင်တတ်ကြရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ပိုင်ခွင့်ရှိသည့် အကျင့်ပျက်ဝန်ထမ်းများနှင့် လာဘ်ပေးလာဘ်ယူမှု၊ တံစိုးလက်ဆောင်ပေးမှုစသည့် မမှန်မကန်နည်းလမ်းများဖြင့် ပုဂ္ဂိုလ်ရေးဆန်ဆန် ရင်းနှီးပေါင်းဖက်မှုလုပ်ရပ်များသည် ရေရှည်တွင် မည်သို့မျှ အကျိုးဖြစ်ထွန်းမည် မဟုတ်သည့်အပြင် ပြည်သူများ၏အမြင်တွင် လူတစ်စုကောင်းစားရေး၊ လူနည်းစုသာကြီးပွားချမ်းသာရေးကို ဦးတည်နေသော ခေတ်သစ်လူတန်းစားသစ် ထူထောင်ရေးလုပ်ငန်းစဉ်များအဖြစ် အပြစ်တင်ရှုမြင်ခံရဖွယ်ရှိ။

# ဝါလကင်းလွှတ် သီတင်းကျွတ်

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ မြန်မာလတစ်ဆယ့်နှစ်လ၏ ခုနစ်လမြောက်ဖြစ်သော သီတင်းကျွတ်လကို ဝါကျွတ်လဟု ခေါ်ဝေါ်ကြပြီး ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်ရာမှ ကျွတ်လွှတ်သောလဖြစ်၍ ဝါလကင်းလွှတ် သီတင်းကျွတ်ဟု ဆိုကြသည်။ ဤလကို ရာသီအလိုအားဖြင့် 'တူ'ရာသီဖြစ်ပြီး နေ့တာညတာ တူညီသောလ ဖြစ်သည်။ အသဝနီနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ စိတြနက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြ၏။ ဤလတွင် ကြီးတာရာထွန်းပကာ ရာသီရပ်မှာ ချိန်ခွင်ကိုင်နေသည့် ကုန်သည်၏ပုံဖြစ်သည်။ မိုးကုန်ခန်း၍ ပြုလုပ်လေ့ရှိသောပွဲတော်မှာ ဆီမီးမြင်းမိုရ်ပွဲတော်ဖြစ်၍ ပွင့်သောပန်းကားကြာငါးမည်တို့ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် ခုနစ်ဝါအရ၌ တာဝတိံသာနတ်ပြည်တွင် ဝါဆို၍ မယ်တော်မာယာဖြစ်ခဲ့ဖူးသူ သန္တုသိတနတ်သား အမှူးရှိသည့် နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူလေသည်။ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူ၍ ပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် ထိုသီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟူ၍ သတ်မှတ်ခေါ်ဝေါ်ကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ဆင်းသက်တော်မူခဲ့ရာ မြင်းမိုရ်တောင်မှ သင်္ကဿမြို့တံခါးတိုင်အောင် လက်ယာဘက်၌ ရွှေစောင်းတန်း၊ လက်ဝဲဘက်၌ ငွေစောင်းတန်းနှင့် အလယ်၌ ပတ္တမြားစောင်းတန်းတို့ကို သိကြားမင်းက ဖန်ဆင်းပေး၏။ မြတ်စွာဘုရားရှင်က ပတ္တမြားစောင်းတန်းမှ ကြွချီတော်မူသည်။ မဟာဗြဟ္မာက မြတ်စွာဘုရားရှင်အား ထီးဖြူတော်မိုး၍ ငွေစောင်းတန်းမှ လိုက်ပါလာ၏။ နတ်များက ရွှေစောင်းတန်းမှ လိုက်ပါလာကြပြီး ပဉ္စသိခ်နတ်သားက ဗေလုဝစောင်းကို တီး၍ မာတလိနတ်သားက နတ်ပန်းများဖြင့် ပူဇော်ကာ သုယာမနတ်သားက သားမြီးယပ်ကိုခတ်လျက် လိုက်ပါလာကြ၏။ အရှင်သာရိပုတ္တရာ အမှူးရှိသော ရဟန်းရှင်လူ ပြည်သူတို့ကလည်း ဆီမီးတန်ဆောင်များ ထိန်ထိန်ဝင်းအောင်ထွန်းညှိကာ မြတ်စွာဘုရားရှင်အား သင်္ကဿမြို့တံခါးမှ ကြိုဆိုဖူးမြော် ကြည်ညိုကြသည်။ မြတ်စွာဘုရားရှင်ကို ဆီမီးပူဇော်သောအနေဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်ဟု ခေါ်ကြသည်။

အဘိဓမ္မာသည် ထူးမြတ်လွန်ကဲသောတရားဖြစ်သည်။ သုတ်၊ ဝိနည်းစသော တရားတို့ထက် အလွန်ထူးမြတ်သောတရားဟု ဆိုရပေမည်။ အဘိဓမ္မာတရားတော်ကို ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဟောကြားတော်မူခဲ့သည်။ အချိန်ကာလအားဖြင့် ရက်ပေါင်းကိုးဆယ်(သုံးလ) ဖြစ်ပါသည်။ အဘိဓမ္မာတရားတော်ကို တာဝတိံသာနတ်ပြည်မှာသာ ဟောကြားရခြင်းဖြစ်သည်။ အကယ်၍ လူ့ပြည်မှာဟောကြားလျှင်လည်း ရက်ပေါင်းကိုးဆယ်(သုံးလ) တိုင်တိုင် လူသားများ ဣရိယာပုထ်တစ်ခုတည်းဖြင့် နာကြားနိုင်စွမ်းမရှိပါချေ။ ထို့ကြောင့် နတ်ပြည်မှာသာ ဝါဆိုဝါကပ်ပြီး ဟောကြားတော်မူရပါသည်။

ဤသီတင်းကျွတ်လပြည့်နေ့တွင် သာသနာတော်ကို တိုးတက်ရာ တိုးတက်ကြောင်း၊ တည်တံ့ကြောင်းဖြစ်သော ကိစ္စအဝဝလုပ်ငန်းတို့ကို ကြိုးစားအားထုတ်တော်မူကြသော သံဃာတော်အရှင်ကောင်း အရှင်မြတ်တို့သည် ပဝါရဏာပြုပွဲသဘင်ကို ဆိုင်ရာကျောင်းတိုက် ခဏ္ဍသိမ်တော်မြတ်တို့၌ ကျင်းပကြသည်။ စာဆိုတို့က "မြတ်သံဃာလဲ ဖိတ်ကြားမြဲ ခြိမ့်သဲပဝါရဏာ" ဟု ဖွဲ့ဆိုကြကုန်၏။ ပဝါရဏာပြုပွဲနှင့်ပတ်သက်၍ အနည်းငယ် တင်ပြလိုပါသည်။ ပဝါရဏာဆိုသည်မှာ 'ဖိတ်ကြားတောင်းပန်ခြင်း'ဟု အဓိပ္ပာယ်ရသည်။ ဖိတ်ကြားခြင်းဆိုသည်မှာ ဆွမ်းစားပင့်ဖိတ်ခြင်း၊ ပရိတ်ရွတ်ပင့်ဖိတ်ခြင်းမျိုး မဟုတ်၊ မိမိအပြစ် ကျူးလွန်နေသည်ကို မြင်ပါက၊ ကြားသိပါက ပြောဆိုဆုံးမပြတော်မူပါဟုလည်းကောင်း၊ အကယ်၍ အပြစ်ရှိနေသည်ကို တွေ့မြင်သိရှိပါက ပြုပြင်စောင့်စည်းပါမည်ဟု အပြစ်စင်ကြယ်လိုမှုကိုရှေးရှု၍ တောင်းပန်ဖိတ်ကြားခြင်းသဘော ဖြစ်၏။

ပဝါရဏာကို ခွင့်ပြုတော်မူရခြင်းအကြောင်းမှာ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က ကောသလတိုင်းကြီးအတွင်း၌ရှိသော ဇနပုဒ်ရွာကြီးတစ်ရွာ၏ ကျောင်းတိုက်တစ်တိုက်တွင် ရဟန်းများစွာတို့သည် ရင်းနှီးကျွမ်းဝင်မှုမရှိ၊ အချင်းချင်းမြင်ဖူးရုံမျှ၊ အတူတကွ စားသောက်ဖူးရုံမျှသာဖြစ်ကြသည့် ရဟန်းတို့သည် အတူတကွ ဝါကပ်ကြလေသည်။ ထိုအခါ ဝါတွင်းသုံးလပတ်လုံး အချင်းချင်းပြဿနာမပေါ်ဘဲ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ကြစေရန်အတွက် မည်သို့နေထိုင်ကြမည်နည်းဟု တိုင်ပင်ကြသောအခါ တစ်ပါးနှင့်တစ်ပါး စကားမပြောဘဲ နေကြခြင်းသာ ပြဿနာမပေါ်ဘဲ စိတ်အေးချမ်းသာစွာ နေထိုင်ကြခြင်း၏ အကြောင်းပဲပဲဟု သဘောတူကြကာ အချင်းချင်းစကားမပြောရဟု ကတိကဝတ်ပြု၍ 'မူဂဗ္ဗတ' ခေါ် ဝစီပိတ်အကျင့်ဖြင့် နေထိုင်ကြကုန်၏။ အပြစ်တွေ့က ထောက်ပြပြုပြင်ခြင်းမရှိ၊ ဓမ္မသာကစ္ဆာသဘောကို နှီးနှောပြောဆိုခြင်းလည်း မရှိကြကုန်။ ထိုအကြောင်းကို မြတ်စွာဘုရား သိရှိတော်မူသောအခါ ထိုသို့ အချင်းချင်း စကားမပြောဘဲနေကြခြင်းသည် ချမ်းချမ်းသာသာ နေသည်မမည်၊ ဆင်းဆင်းရဲရဲ နေကြရခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် ပဝါရဏာကိုပြုရန် ခွင့်ပြုတော်မူခြင်းဖြစ်သည်။

## အရှင်တေဇနိယ-အုတ်ဖို

ပဝါရဏာပြုရခြင်း၏ အကျိုးကျေးဇူးတရားများမှာ အချင်းချင်းအပြစ်ကို တွေ့မြင်ကြားသိ ယုံမှားခြင်းရှိပါက ပြောဆိုရန် သင့်လျော်ခြင်း၊ အပြောခံရသူကလည်း ငါ့ကိုပြောဆိုဖော်ရတာပဲဟု ကျေးဇူးတင်ရခြင်း၊ အာပတ်သင့်မိထားပါက အာပတ်မှ လွတ်မြောက်စင်ကြယ်ရခြင်းဝိနည်းကို ရှေ့သွားပြုသူများ၊ ဝိနည်းလေးစားသူများ ဖြစ်ကြရခြင်းဟူသော ကျေးဇူးတရားများဖြစ်သည်။ ထို့အပြင် ကထိန်ခင်းနိုင်ခွင့်ရသဖြင့်လည်း ကထိန်အာနိသင်များရကာ အာပတ်မှ စင်ကြယ်ကြရ၏။ ဆိုအပ်ခဲ့ပြီးသော အကျိုးတရားများကိုရည်မျှော်၍ ပဝါရဏာကံကို ခွင့်ပြုတော်မူခဲ့ပေသည်။

ဘုရားရှင်သည် ဝါတွင်း၌ သတ္တမမြောက်အဖြစ် ဝါကပ်တော်မူလျက် မယ်တော်မိနတ်သား အမှူးပြုသော နတ်ဗြဟ္မာအပေါင်းတို့အား–

**ကုသလာ ဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ အစချီသော အလွန် မြင့်မြတ်ခက်ခဲလှသည့် အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမပြတ် မရပ်မစဲတောက်လျှောက် ဟောကြားတော်မူ၏။ ဤသို့ဟောကြားရာတွင် ဘုရားရှင်သည် လူ့ပြည်၌ သီတင်းသုံးနေထိုင်သည့် နည်းတူပင် ကျင့်ဆောင်နေထိုင်တော်မူ၏။ (လူ့ပြည်၌ အနှစ်တစ်ရာကာလသည် တာဝတိံသာနတ်ပြည်၌ တစ်ရက်တာသာရှိ၍ အလွန်ရှည်လျားလှသော အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလ ရက်ကိုးဆယ်တိုင် နာယူရာတွင် နတ်တို့အဖို့ မိနစ်ပိုင်းမျှသာ ကြာမည်ဖြစ်၏)**

**ဘုရားရှင်သည် ဤသို့ဟောကြားစဉ် လူ့ပြည်၌ဖြစ်သည့် အချိန်အခါကို မှတ်၍ ဇမ္ဗူဒိပ်ကျွန်း၌ နေထွက်ချိန်ရောက်သော် ကိုယ်တော်မြတ်နှင့် အလုံးစုံကိုယ်စား နိမ္မိတရုပ်ပွားဘုရားကို ဖန်ဆင်းတော်မူပြီး ဤဘုရားသည် ငါ၏ကိုယ်စား ဤမျှလောက်သောတရားတော်ကို ဟောကြားရစ်စေသတည်းဟု အဓိဋ္ဌာန်တော်မူလျက် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ထားတော်မူခဲ့ပြီး စန္ဒကူးတောသို့ ကြွရောက်တော်မူသည်။ သင်္ကဿနဂိုရ်ပြည်၌ ဝါကပ်နေသော အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံသွား၍ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုလုပ်ကျွေး၏။ ဘုရားရှင်က ချစ်သား သာရိပုတ္တရာ ငါဘုရားသည် ဤမျှသော အဘိဓမ္မာတရားတော်ကို ဟောကြားအပ်ပြီး သင်သည် မိမိ၏တပည့်ရဟန်းငါးရာတို့အား ပို့ချလော့ဟု အကျဉ်းချုပ်ကိုနည်းပေးကာ ညွှန်ပြဟောကြားတော်မူ၏။ ထို့ကြောင့် ဘုရားရှင်သည် တာဝတိံသာ၌ အဘိဓမ္မာတရားဟောကြားခြင်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လူ့ပြည်၌ အရှင်သာရိပုတ္တရာက ထိုရဟန်းငါးရာတို့အား အဘိဓမ္မာတရားဟောကြားသင်ပြပေးမှုလည်း ပြီးဆုံးလေပြီ။**

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာ သူတော်စင်ပုဂ္ဂိုလ်တို့၏ အထွတ်အမြတ်ထားရာနေ့ဖြစ်သကဲ့သို့ သီတင်းကျွတ်ရောက်သည့်အခါ မိဘ ဆရာသမား အဘိုးအဘွားများအား ပူဇော်ကန်တော့ကြသည့် အစဉ်အလာကို ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ယနေ့တိုင် ပြုလုပ်လျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ဆီမီး ၉၀၀၀ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ကျိုက္ခမီမြို့ သမိုင်းဝင်ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးကော်မတီကကြီးမှူး၍ ဒုတိယအကြိမ် ဆီမီး ၉၀၀၀ပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းသပိတ်တော်စုပေါင်းမျှောဆက်ကပ်ပွဲကို အောက်တိုဘာ၂၈ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၄နာရီတွင် ကျိုက္ခမီ ဆုတောင်းပြည့်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ခြေတော်ရင်း၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်တော်များအနေဖြင့် ဆွမ်းသပိတ်တော်မျှောဆက်ကပ်လှူဒါန်းပွဲနှင့် ဆီမီး ၉၀၀၀ထွန်းညှိပူဇော်လှူဒါန်းပွဲသို့ သီတင်းကျွတ်လဆန်း ၁၄ရက် (အောက်တိုဘာ ၂၇ရက်)အရောက် လာရောက်ဆက်ကပ်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

**စာမျက်နှာ ၆ မှ**

မောင်မင်းခန့်သီဟ(သူငယ်တန်း၊ မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်း) ကငွေကျပ် နှစ်သောင်း၊ မငြိမ့်နဒီဇော်(တတိယတန်း၊ မေရီချက်ပ်မင်း နားမကြားသော ကလေးများကျောင်း)က ငွေကျပ် တစ်သောင်း၊ ဦးစံသိန်း၊ သမီး မြင့်မိုလင်း တို့က ငွေကျပ် တစ်သောင်း၊ ဦးဝိစာရ ရပ်ကွက်၊ ပြည်လမ်း အရှေ့ရပ်ကွက်နှင့် ပြည်လမ်းအနောက်ရပ်ကွက်တို့က စုပေါင်း၍ ငွေကျပ် သုံးသောင်း၊ ပဋ္ဌမတန်းကျောင်းသူ မမေသိမ့်သိမ့်အောင်က ငွေကျပ် တစ်သောင်း၊ ဒေါ်နုပစ္စည်းမျိုးစုံ ငှားရမ်းရေးဌာနက ငွေကျပ် ငါးသောင်း၊ ဦးနှင်းစိန်–ဒေါ်မြငြိမ်းမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင်နိုင်–ဒေါ်ခင်ကြူကြူသန်းတို့က ငွေကျပ်ငါးသောင်း၊ ဗားကရာဆိပ်ကမ်း အုန်း၊ ငှက်ပျော၊ ကြံရောင်းဝယ်ရေး ဈေးသာယာရေးအဖွဲ့က ငွေကျပ် ငါးသောင်း၊ သီရိမင်္ဂလာဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးက ငွေကျပ် ငါးသောင်း၊ ကမာရွတ်မြို့နယ်မှ ပြည်သူများကငွေကျပ် တစ်သောင်း၊ ကြည့်မြင်တိုင်ဈေးကြီး အရှေ့ရပ်ကွက်မှ ဒေါ်ခင်စောမိသားစုက ငွေကျပ် နှစ်သောင်း၊ ဦးဝိစာရရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့၊ ကြည့်မြင်တိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာတို့က စုပေါင်း၍ ငွေကျပ်လေးသောင်း၊ ဒေါက်တာဦးအေးကို (ကထိက၊သင်္ချာဌာန)၊ ဦးအေးကိုကို(နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းအားကစားသမား)၊ စာရေးဆရာဦးစိန်ထွေးတို့က စုပေါင်း၍ ငွေကျပ် သုံးသောင်း၊ ဦးမြတ်သူဝင်း ရွှေမင်းသားကုမ္ပဏီက ငွေကျပ် ကိုးသောင်းတန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုဆွေနှင့် မရမ်းကုန်းမျက်မမြင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇီနာဒွန်းတို့က လက်ခံကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးချန်မောင်က ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေဆင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ဧည့်ခံဖျော်ဖြေ

အခမ်းအနားအပြီးတွင် မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်းမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများက အကပဒေသာများ၊ တေးသရုပ်ဖော်များဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

မရမ်းကုန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် ဒဂုံမြို့နယ်အတွင်းရှိ နားမကြားသောကလေးများကျောင်းနှင့် မျက်မမြင်ကျောင်း စုစုပေါင်း ကျောင်းသုံးကျောင်းတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ယနေ့ လှူဒါန်းခဲ့ကြသော လှူဒါန်းမှုအစုစုမှာ ဆန် ၁၇၉အိတ်၊ ဆီ ၆၂ပိဿာ၊ ပဲ ၁၂၃ ပိဿာ၊ အိုင်အိုဒင်းဆား ၆၁၅ ပိဿာ၊ သွားတိုက်ဆားဘူး ၁၂၃ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး ၁၅၆၀ နှင့် အလှူငွေစုစုပေါင်း ငွေကျပ် ၂၆၃၈၀၇၀ ဖြစ်သည်။ **(သတင်းစဉ်)**

## ဆွမ်းသိမ်းအောင်ပွဲ တရားပွဲများ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာ ဗဟိုဓမ္မာရုံကြီး၌ ဝါတွင်းသံဃာ့ဒါန ဆွမ်းသိမ်းအောင်ပွဲအဖြစ် တရားပွဲများကို ညစဉ် ၇နာရီခွဲ၌ ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၂၅ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်) က လည်းကောင်း၊ အောက်တိုဘာ ၂၆ရက်တွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)က လည်းကောင်း၊ အောက်တိုဘာ၂၇ရက်တွင်ကျိုက္ကလော့ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ(မဟာဌာနမှူး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)က လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## သန်လျင်မိုးကုတ်ရိပ်သာ တရားစခန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်း သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် အမှတ် ၂၄ သိပ္ပံလမ်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၆)၏ဉာဏ်တော်ပူဇော်ပွဲနှင့် ခုနစ်ရက်တရားစခန်းပွဲကို ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော်၄ရက်မှ ၁၀ရက် (နိုဝင်ဘာ ၁ရက်မှ ၇ရက်) အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် သာသနာပြုနယ်လှည့်ဓမ္မကထိက ရန်ကုန်မြို့ ငါးထပ်ကြီး မြန်အောင်ကျောင်း ဆရာတော်ဦးဓမ္မနန္ဒ(ကမ္မဋ္ဌာနာစရိယ) နှင့် ဆရာဦးကျော်နိုင်(မန္တလေး)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရား ဟောကြားမည်ဖြစ်ရာ ယောဂီများ ဖုန်း–၀၅၆–၂၁၃၈၈ နှင့် ၀၅၆–၂၁၄၇၈ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**



**သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် အောက် တို ဘာ ၂၄ရက်က ကိုယ့်အား ကိုယ် ကိုး စာ ကြည့် တိုက် ဖွင့်ပွဲ၊ နယ်လှည့်စာ ကြည့် တိုက် ဖွင့်ပွဲနှင့် ဟောပြောပွဲပြုလုပ်ရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်အောင်နှင့် ပြန်/ဆက်ဦးစီးမှူး ဦးအေးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (က-ပ)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အနုပညာမြတ်နိုးသူများတစ်ခဲနက်နားသောတဆင်ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၂၄

**မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးတို့ကို အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်လျက်ရှိကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များသည် ရည်ရွယ်ချက်ခြောက်ရပ်နှင့်အညီ အောက်တိုဘာ ၁၄ရက်မှစတင်၍ ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ ၁၁ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ယနေ့ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် အနုပညာရှင်များသည် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲလျက်ရှိကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးသူများကလည်း တစ်ခဲနက်လာရောက်နားသောတဆင် ကြည့်ရှုအားပေးကြသည်။**

**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲတွင် အခြေခံ ပညာ အဆင့် အသက် (၅-၁၀)နှစ် (အမျိုးသမီး)စန္ဒရားအတီး ပြိုင်ပွဲတွင် မကွေး တိုင်းမှ မဖူးငုံကျော် 'ထွေတလာ (ကြိုး)' သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။**

**(မြန်မာ့အလင်း)**



ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ လည်းကောင်း၊ အရေးပြိုင်ပွဲ၏ သီချင်းသီဆို ပြိုင်ပွဲဝင်ခြင်းကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌ လည်းကောင်း၊ အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ လည်းကောင်း၊ စန္ဒရားအတီးပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း အသီးသီး ကျင်းပကြသည်။

## ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့်ဂီတ ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားချစ်မြတ်နိုးကြသော ပြည်သူများအပြင် ကမ္ဘာလှည့်ခရီးသည်များလည်း လာရောက်နားသောတဆင် ကြည့်ရှုအားပေးကြသည်။

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ယဉ်ကျေးမှုဖိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက် ညွှန်ကြားရေးမှူး(ဂီတ)ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

## အဆိုပြိုင်ပွဲ

ရှေးဦးစွာ ပညာရှင်အဆင့် (အမျိုးသား)မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ **'သင်းသင်းကြိုင်ကြိုင် (သီချင်းခံ)'**သီချင်းဖြင့် ရန်ကုန်တိုင်းမှ ရန်ကုန်သန်းဆွေ၊ ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ ရှမ်းပြည်နယ်မှ ဦးမျိုးမြင့်၊ စစ်ကိုင်းတိုင်းမှ တက်ခေတ်လင်းဇော်၊ ရန်ကုန်တိုင်းမှ မောင်ကျော်ကျော်ဟန်နှင့် မွန်ပြည်နယ်မှ ဦးမျိုးမင်းဝင်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို နံနက်၁၁နာရီတွင် ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲကို မွန်းလွဲ၁၂ နာရီ၄၅မိနစ်တွင် ဆက်လက်ကျင်းပရာ **'အမင်းမင်းခရ (သီချင်းခံ)'** သီချင်းဖြင့် မန္တလေးတိုင်းမှ မအေးမိစံ၊ ကချင်ပြည်နယ်မှ မအေးစုမွန်၊ မကွေးတိုင်းမှ မဇင်မာတူး၊ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ ရခိုင်ပြည်နယ်မှ မအေးအေးစံ၊ စစ်ကိုင်းတိုင်းမှ မကြူကြူလွင်၊ မန္တလေးတိုင်းမှ မစန်းစန်းဝေ၊ ရန်ကုန်တိုင်းမှ မဖြူစင်သူ(ခ)စပယ်ဖြူသိန်း၊ တနင်္သာရီတိုင်းမှ မဆုဦးလင်းနှင့် ရန်ကုန်တိုင်းမှ မအိအိချွန်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ၁၁ ရက်မြောက်နေ့ အဆိုပြိုင်ပွဲအစီအစဉ်များကို မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

အောက်တိုဘာ၂၅ရက် နံနက်ပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် ပညာရှင်အဆင့် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေးအဆို ပြိုင်ပွဲတို့ကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## အရေးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြည်နယ်နှင့် တိုင်းများမှ အရေးပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရေးသားခဲ့ကြသော သီချင်းစာသားများကို တူရိယာများ၊အနုပညာရှင်များနှင့်တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ခြင်းကို နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌ ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အရေး သီချင်းပြိုင်ပွဲတွင် **'လူငယ့်အားမာန်'** သီချင်းခေါင်းစဉ်ဖြင့် မန္တလေးတိုင်းမှ မောင်ဖိုးလရောင်နှင့် မခင်ငြိမ်းချမ်းစိုး၊ စစ်ကိုင်းတိုင်းမှ မောင်စိန်လွင်ကျော်၊ ချင်းပြည်နယ်မှ မောင်ဆန်းဇော်(ခ) ဟဲရဲမှုန်၊ ရန်ကုန်တိုင်းမှ မမိုးမိုးယဉ်မင်း၊ တနင်္သာရီတိုင်းမှ မောင်ဗညားသီဟနိုင်၊ ဧရာဝတီတိုင်းမှ မဖြိုးသဉ္ဇာခင်နှင့် ရန်ကုန်တိုင်းမှ မောင်လူလူလှိုင်ဝင်းတို့ တူရိယာများ၊ အနုပညာရှင်များနှင့်တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ကြသည်။

အရေးသီချင်းပြိုင်ပွဲကို အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဘိုကလေးဦးတင့်အောင်နှင့် အဖွဲ့ဝင်များကကြီးကြပ်၍ အကဲဖြတ်ကြပ်မတ်ဆောင်ရွက် အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၅ရက်တွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အရေးပြိုင်ပွဲဝင်များယှဉ်ပြိုင်ရေးသားခဲ့ကြသော သီချင်းစာသားများကို တူရိယာများ၊ အနုပညာရှင်များနှင့်တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ခြင်းကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

## စောင်းအတီးပြိုင်ပွဲ

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲတွင် အခြေခံ ပညာ အဆင့် အသက် (၁၅ - ၂၀) နှစ် အရေး သီချင်း ပြိုင်ပွဲကို ကမ္ဘောဇဓာတ်ရုံ၌ ကျင်းပရာ ဧရာဝတီ တိုင်းမှ မဖြိုးသဉ္ဇာခင် ယှဉ်ပြိုင်စဉ်။**

**(သတင်းစဉ်)**



ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် **'နှစ်ကိုယ်သစ္စာ(ပတ်ပျိုး)'**သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မင်းမင်းသိန်း၊ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်း၊ မွန်ပြည်နယ်မှ မောင်အောင်မျိုးထက်၊ ကချင်ပြည်နယ်မှ မောင်ထင်အောင်ကျော်နှင့် မန္တလေးတိုင်းမှ မောင်အောင်မင်းတူးတို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ **'နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)'** သီချင်းဖြင့်ပင် ရန်ကုန်တိုင်းမှ မအိအိမွန်၊ ရန်ကုန်တိုင်းမှ မတင်တင်ယု၊ မန္တလေးတိုင်းမှ မနန္ဒာအေး (ခ) ခင်နန္ဒာနွယ်၊ ရခိုင်ပြည်နယ်မှ မခင်မိမိမိုး၊ ပဲခူးတိုင်းမှ မအေးသီတာဝင်းနှင့် ကချင်ပြည်နယ်မှ မနန်းကျော့စံတို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကိုခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ**'စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)'**သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ဟန်စိုး၊ ဧရာဝတီတိုင်းမှ မောင်အေးချမ်း၊ ရှမ်းပြည်နယ်မှ မောင်စိုင်းရဲထက်ဝင်း၊ မန္တလေးတိုင်းမှ မောင်ဖိုးလရောင်နှင့် ပဲခူးတိုင်းမှ မောင်ကံဦးအောင်တို့ ပြိုင်ပွဲဝင်ကြသည်။



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်ပိုင်ဖုန်းမော် ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)**

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ **'သီတာ သီတာရောကြီး (ကြိုး)'**သီချင်းဖြင့် ကယားပြည်နယ်မှ မရူပါဌေး၊ မကွေးတိုင်းမှ မနန်းသီရိခင်ခင်၊ မန္တလေးတိုင်းမှမဟိန်းထက်၊ ဧရာဝတီတိုင်းမှ မစုစုမြတ်၊ ရန်ကုန်တိုင်းမှ မဆုရည်ကိုကို၊ ရခိုင်ပြည်နယ်မှ မသက်ပုံချစ်၊ ပဲခူးတိုင်းမှ မဝတ်မှုံသင်း၊ မန္တလေးတိုင်းမှ မအေးစုကျော်၊ ရှမ်းပြည်နယ်မှ မမြနန္ဒာအောင်နှင့် ရန်ကုန်တိုင်းမှ မဆုဆုဝင်းမောင်တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် စောင်းအတီးပြိုင်ပွဲများကို ဗဟိုအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးသိန်းဟန်ကြီးနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အမှတ်ပေးကြသည်။

## နှဲပြိုင်ပွဲ

အောက်တိုဘာ ၂၅ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့် နှဲပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ်နှင့် အဆင့်မြင့်ပညာအဆင့် နှဲပြိုင်ပွဲများကို ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## စန္ဒရားအတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ စန္ဒရားအတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် စန္ဒရားဦးချစ်ဆွေနှင့် စန္ဒရားအတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲကို ကျင်းပရာ **'မေတ္တာ(ကာလပေါ်)'**သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဇော်မိုးပိုင်၊ မန္တလေးတိုင်းမှ မောင်ပိုင်ဖုန်းမော်နှင့် မောင်ပြည့်ဖြိုးမောင်၊ ပဲခူးတိုင်းမှ မောင်နန်းဦးထက်၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်နှင့် ရှမ်းပြည်နယ်မှ ခွန်သက်နိုင်ဦးတို့ပါဝင်ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

## ပါဝင်ယှဉ်ပြိုင်

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ **'ထွေတလာ(ကြိုး)'** သီချင်းဖြင့် မန္တလေးတိုင်းမှ မရတနာဉ၊ ရန်ကုန်တိုင်းမှ မငြိမ်းဆုသာ၊ မကွေးတိုင်းမှ မဖူးငုံကျော်၊ စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုး၊ ရန်ကုန်တိုင်းမှ မသက်သက်စိုး၊ မန္တလေးတိုင်းမှ မအေးမြတ်မိုး၊ ချင်းပြည်နယ်မှ မဝင့်ရည်ရွှန်းနှင့် ရှမ်းပြည်နယ်မှ မခိုင်စုဝေတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

## ဆက်လက်ကျင်းပမည်

အောက်တိုဘာ၂၅ရက် နံနက်ပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အိုးစည်အတီးပြိုင်ပွဲကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အိုးစည်အတီး ပြိုင်ပွဲကို လည်းကောင်း အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# လက်ဆင့်ကမ်းအမွေ

- ❑ မြန်မာမျိုးဆွေ၊ တို့တစ်တွေသည်
ဘိုးမြေဘွားမြေ၊ တို့အမွေကို
ရိုးမြေကျတိုင်၊ ထိန်းသိမ်းနိုင်ခဲ့။
- ❑ သြဇာခံဘဝ၊ ရှန်းထွက်ကြလျက်
မျှတညီညွတ်၊ လွတ်လပ်မှုတွက်
အသက်ကိုပေး၊ တိုင်းပြည်ရေးကို
ဦးဆွေးဆံမြည့်ထမ်းရွက်ခဲ့။
- ❑ ရိုးရာအမွေ၊ ပလွေစောင်းညှင်း
ခွက်ခွင်းပတ်သာ၊ တံမြှာတံရှည်
အိုးစည်ဒိုးပတ်၊ ကြိုးတပ်သားရေ
လေနှင့်လက်ခုပ်၊ စည်းစုပ်ခရာ
တူရိယာကို၊ မြန်မာ့ဓလေ့
ထုံးမမေ့ဘဲ၊ ကြည်မွေ့တွယ်တာ
ရိုးရာမပျက် ထိန်းသိမ်းလျက်။
- ❑ ခုချိန်ခါများ-
တို့သား တို့သမီး၊ ချစ်မငြိုးတို့
မီးရောင်ဖြာလက်၊ စင်မြင့်ထက်ဝယ်
စည်းချက်မှန်မှန်၊ ထံတျာသာယာ
ဝေဘာဂီရို၊ စောင်းကြိုးညှိလျက်
တီးသည့်အသံ၊ ဆိုသည့်ဟန်ကို
ကြားရပြန်ခိုက်၊ မြင်ရကြိုက်တွင်
ဖိုလှိုက်ပီတိ၊ အားရမိခဲ့
ဇာတိပုညာ၊ ဂုဏ်မာနဖြင့်
မြန်မာ့ဂုဏ်ဒြပ်၊ မားမားမတ်၍
ဖြစ်ရပ်ပေါ်ထွန်း၊ ပြဆိုညွှန်းသည်
မော်ကွန်းသက်သေ တင်လျက်တည်း။ ။

**မိုးကျော်ထွန်း (ဧရာဝတီ)**

# ဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် အောက်တိုဘာ ၂၄**

အနာဂါမ်ဆရာသက်ကြီးဝိပဿနာ အဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၁၈)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာ၌ အောက်တိုဘာ ၂၈ ရက် ညနေ၆နာရီ၌ ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် အောက်တိုဘာ ၂၈ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ်အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရှိရသည်။ **(က-ပ)**



**အောက်တိုဘာ၁၇ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟို) ဗဟန်း ၃လမ်းမှတ်တိုင်အနီးတွင် Ocean Tankers Co: မှ အရာရှိနှင့် အင်ဂျင်နီယာ များကိုယ်စား ဦးအုန်းညွန့်လှိုင်က အလှူတော်ငွေကျပ် သုံးသိန်းသုံးသောင်းကို ဦးဌေးမြင့်(ဘဏ္ဍာရေးမှူး)သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**လူမှုဝန်ထမ်းဦးစီးဌာန ရွှေပေါက်ကံ မူလတန်းကြိုကျောင်း၏ ဉာဏ စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ၂၃ရက်က ကျောင်းခန်းမတွင် ကျင်းပရာ သီချင်းဆိုပြိုင်ပွဲ၌ ပထမဆုရ မောင်ခန့်စည်သူလတ်ကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုဒါရီက ဆုချီးမြှင့်စဉ်။** (က-ပ)

# ပဲခူးတိုင်း(အရှေ့)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၄

**ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ၂၀၀၄ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်တိုဘာ၂၂ရက် မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ကျင်းပသည်။**

အခမ်းအနားသို့ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ဆက်လက်၍ ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူးဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်း (အရှေ့)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက အသင်း၏ တစ်နှစ်တာအတွင်း ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

### ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ ပဲခူးတိုင်း အသင်းနာယက တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက တိုင်းလုံးကျွတ် ဝတ်ရွတ်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသော ပဲခူးမြို့နယ်အသင်းနှင့် တောင်ငူမြို့နယ်အသင်းတို့အားလည်းကောင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသော ထန်းတပင်မြို့နယ်အသင်း၊ သနပ်ပင်မြို့နယ်အသင်းနှင့် ရွှေကျင်မြို့နယ် အသင်းတို့အားလည်းကောင်း၊ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူနှစ်ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူငါးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**အောက်တိုဘာ၁၇ရက်က အထက(၂)သာကေတ၏ မိဘ ဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မောင်ရဲကျော်သူအား ကျောင်းအကျိုးတော်ဆောင် ဒေါ်မာမာတင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က-ပ)

# ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ မရမ်းကုန်းမြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ကျန်းမာရေးညီညွတ်စေရန် ဆောင်ရွက်မှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၄

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယ ဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် သန့်ရှင်းသာယာ လှပရေးနှင့် ကျန်းမာရေး ညီညွတ်စေရန် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး မြို့နယ်အဆင့်မြင့်ရေး ကိစ္စရပ်များကို ပံ့ပိုးဆောင်ရွက်ပေးသည်။**

### မှာကြား

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ကျန်းမာရေး ညီညွတ်စေရန် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းရှေ့ ကျိုက်ဝိုင်းဘုရားလမ်း ဝဲ/ယာတို့တွင် အမှိုက်နှင့် ချုံနွယ် မြက်ပင်များ သိမ်းဆည်းခုတ်ထွင်ရှင်းလင်းခြင်း၊ ဆေးပက်ဖျန်းခြင်း ဆောင်ရွက်နေမှုတို့ကိုလိုက်လံကြည့်ရှုအားပေးပြီးတာဝန်ရှိသူများအား မြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်သွားကြရေး မှာကြားသည်။

### ပံ့ပိုးဆောင်ရွက်ပေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်နေမှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်သပ်ရပ်သန့်ရှင်းသာယာလှပရေးနှင့်အဆင့်မြင့်ရေးကိစ္စရပ်များကို ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- ✻ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
- ✻ သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ✻ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- ✻ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- ✻ အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။



## ချီးမြှင့်

**အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုအောက်တိုဘာ၂၀ရက် ညနေပိုင်းက အင်းစိန်မီးရထားအားကစားကွင်းတွင် ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော တညင်းကုန်းရပ်ကွက် ဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလွင်က တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။** (က-ပ)

# မေဃဝတီဆရာတော် ဘဒ္ဒန္တရေဝတ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မေဃဝတီတောရကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော်သိရီဘဒ္ဒန္တရေဝတမဟာထေရ်မြတ်၏ အန္တိမစျာပနသာဓုကီဠနပူဇာသဘင်အခမ်းအနားကို ၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့ မွန်းလွဲ ၁၂း၃၀ နာရီအချိန်တွင် စတင်ကျင်းပမည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂပွားတော်မူကြောင်းသဝဏ်လွှာကို ဖတ်ကြားခြင်း၊ သာသနာရေးဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်းသဝဏ်လွှာကို ဖတ်ကြားခြင်း၊ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားခြင်း၊ ပစ္ဆိမဝန္ဒနာဂါထာဖြင့် ဖတ်ကြားပူဇော်ခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်ကြီးအား ရှိခိုးကန်တော့ခြင်းအစီအစဉ်များဆောင်ရွက်ပြီးနောက် စံကျောင်းတော်မှ စံကျောင်းတော်အနီးရှိ လောင်တိုက်တော်သို့ပင့်ဆောင်ပြီး မွန်းလွဲ ၂နာရီအချိန်တွင် အဂ္ဂိစျာပနမီးပူဇော်မည်ဖြစ်သည်။

ဆက်လက်၍ အောက်တိုဘာလ ၂၇ ရက်နေ့တွင်ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော် ဓာတုဒကပူဇာသဘင်အခမ်းအနားကိုကျင်းပမည်ဖြစ်ရာ နံနက် ၇ နာရီ မိနစ်၂၀ တွင် လောင်တိုက်တော် တည်ရှိရာနေရာမှ သရီရဓာတ်ပြာတော်များကို ရွှေအိုးများအတွင်းသို့ထည့်သွင်းပူဇော်ပြီး ကရဝိက်ယာဉ်ပေါ်သို့ပင့်ဆောင်ခြင်း၊ ဓာတုဒကပူဇာသဘင်ကျင်းပနိုင်ရန် ယာဉ်တန်းဖြင့် မေဃဝတီတောရကျောင်းတိုက်မှ နန်းသီတာဆိပ်ကမ်းသို့ ပင့်ဆောင်ပြီး ရေယာဉ်ဖြင့်ဆက်လက်ပင့်ဆောင်ကာ မြစ်အတွင်းသို့သရီရဓာတ်ပြာတော်ရွှေအိုးတို့ကို ဥဒကစျာပန ရေမျောပူဇော်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

# ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် မဟာပဋ္ဌာန်းပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၄**

စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရန်ကုန်ကျောင်းတွင် ၁၂၃၀ ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၁၃၆ နှစ်တိုင်တိုင် ကိုးကွယ်ပူဇော်ခဲ့သော မဟာစိန္တာမဏိ ရုပ်ရှင်တော်မြတ်ကြီးအား (၂၁)ကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် မဟာပဋ္ဌာန်း ပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ရက် (အောက်တိုဘာ ၂၇ ရက်) ညနေ ၄ နာရီတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ ဖယောင်းတိုင်၊ သစ်သီးဆွမ်းများ ဆက်ကပ်ပူဇော်ပြီး သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၈ရက် ) နံနက်တွင် ရန်ကုန်ကျောင်းဆရာတော်နှင့် ဒါယကာဒါယိကာမများက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ရာ ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။

**(က-ပ)**

# ဂျူဗင်းတပ်တို့ ဂိုးပြတ်သွင်းပြီး ထိပ်ဆုံးတွင်ဆက်လက်ဦးဆောင်

**ရန်ကုန် အောက်တိုဘာ ၂၄**

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် အတ္တလန္တာနှင့် ကယ်ဂလီယာရီ၊ ဆီနာနှင့် ဂျူဗင်းတပ်တို့ အောက်တိုဘာ ၂၃ ရက်က ယှဉ်ပြိုင်ကစားရာ အတ္တလန္တာနှင့် ကယ်ဂလီယာရီတို့ နှစ်ဂိုးစီ သရေကျပြီး ဆီနာနှင့် ဂျူဗင်းတပ်တို့ပွဲတွင် ဂျူဗင်းတပ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

## ဆီနာနှင့်ဂျူဗင်းတပ်

စီးရီးအေ ပွဲစဉ်(၇)အဖြစ် ဆီနာကွင်း အာတီမီရိုဖရန်ချီ၌ ဆီနာတို့လေးပွဲမြောက် ရှုံးပွဲနှင့် ကြုံခဲ့ရသည်။ ဆီနာအသင်း ယခုနှစ် ခြေစွမ်းမပြနိုင်ဘဲရှိရာ ခုနစ်ပွဲကစားပြီးချိန်၌ နိုင်ပွဲတစ်ပွဲသာရရှိထားပြီး နှစ်ပွဲသရေကျကာ ငါးမှတ်သာ ရရှိနေသည်။

အိမ်ကွင်း၌ စီးရီးအေ ထိပ်သီးဂျူဗင်းတပ်ကို လူစုံထုတ် ကစားခဲ့သော်လည်း တစ်ဦးချင်းရော အသင်းလိုက်ပါ ဂျူဗင်းတပ်ကို ဆီနာတို့မယှဉ်နိုင်ခဲ့ပေ။ ပထမပိုင်းပွဲချိန်ပြီးသည်အထိ ဂိုးမရှိသရေ ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်း ၅၃မိနစ်တွင် ဂျူဗင်းတပ်တိုက်စစ်မှူးဒယ်ပီယာရိုက ပထမအဖွင့်ဂိုးသွင်းယူပြီး ပွဲချိန်မိနစ် ၆၀ တွင် ဒယ်ပီယာရိုကပင် ဒုတိယဂိုးသွင်းယူခဲ့သည်။ ပွဲချိန်၆၃မိနစ်တွင် ဂျူဗင်းတပ်ကွင်းလယ်ကစားသမား ကာမိုရာနီဆီက တတိယဂိုး သွင်းယူခဲ့ရာမှ ဂျူဗင်းတပ်တို့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ပြီး အမှတ်ပေး တန်းစီဇယား ထိပ်ဆုံး၌ ရပ်တည်မြဲ ရပ်တည်နေသည်။

ဂျူဗင်းတပ်သည် ခုနစ်ပွဲကစားပြီးချိန်တွင်ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိ (၁၉)မှတ် ရရှိနေပြီး ဒုတိယနေရာ၌ ရှိနေသည့် အေစီမီလန်နှင့် ခြောက်မှတ်ကွာလျက်ရှိသည်။

## အတ္တလန္တာနှင့်ကယ်ဂလီယာရီ

စီးရီးအေ ပွဲစဉ်(၇)အဖြစ် အတ္တလန္တာနှင့် ကယ်ဂလီယာရီတို့ အတ္တလန္တာကွင်း အဇူရီအိုင်တာလီယာ၌ ကစားရာ ပွဲစချိန် နှစ်မိနစ်မှာပင် အတ္တလန္တာတိုက်စစ်မှူးပါဇီနီက တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၁၂မိနစ်တွင် ကယ်ဂလီယာရီတိုက်စစ်မှူး အီစပိုဆီတိုက ချေပဂိုး သွင်းယူခဲ့သည်။

ခြေစွမ်းပျောက်နေသော အတ္တလန္တာကို ကယ်ဂလီယာရီတို့က ဖိကစားနိုင်ခဲ့ရာ ပွဲချိန်မိနစ် ၃၀ တွင် ကယ်ဂလီယာရီ အလယ်တန်းလူ လိုရီရာက တစ်ဂိုးထပ်မံ သွင်းယူခဲ့သည်။ ပွဲချိန် မိနစ်၄၀တွင် အတ္တလန္တာ တိုက်စစ်မှူး မွန်တိုလီဗိုက ချေပဂိုး သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေကျသွားခြင်းဖြစ်သည်။

ပွဲချိန် ၅၁မိနစ်တွင် ကယ်ဂလီယာရီမှ ကွင်းလယ်ကစားသမား မက်ဆီမိုဘရမ်ဘီလာ ကစားရာတွင် ကြမ်းတမ်းမှုကြောင့် အနီကတ် တိုက် ရိုက်ပြ အထုတ်ခံခဲ့ရသည်။ ကယ်ဂလီယာရီတို့ ယခုပွဲသရေကျခဲ့သဖြင့် ၁၀မှတ်ရကာ အဆင့်ခုနစ်နေရာ၌ ရှိနေပြီး အတ္တလန္တာမှာ ခုနစ်ပွဲကစားပြီး လေးမှတ်သာ ရရှိနေသဖြင့် အဆင့်(၁၈)တွင် ရှိနေသည်။ ။

**အမ်အင်အေ၊ရိုက်တာ**



**စီးရီးအေပွဲစဉ်(၇)အဖြစ် ဆီနာနှင့်ဂျူဗင်းတပ်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဂျူဗင်းတပ်မှ အီဘရာဟီမိုဗစ်**(ယာ) **ထိုးဖောက်ကစားစဉ်။**

**(ဓာတ်ပုံ-အင်တာနက်)**



# မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် မဲခေါင်မြစ်ဝှမ်း ဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (COMMIT Senior Officials Meeting)သို့ တက်ရောက်ရန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ National Working Committee for Children and Women မှ Deputy Director ဖြစ်သူ Mrs, Zhang Liming ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၅-၁၀-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ ကျောက်ကြီးပေါက်တံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar Made Easy

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ)(သင်္ချာ)
၁၇း၁၅ ၆။ အကပဒေသာ
၁၇း၂၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
၁၇း၃၅ ၈။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၇း၄၅ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇း၅၅ ၁၀။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈း၁၀ ၁၁။ Discovery
၁၈း၁၅ ၁၂။ နိုင်ငံခြား ကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၃၅)
၁၈း၃၀ ၁၃။ ညနေခင်းသတင်း
၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၂၀ ၁၆။ တေးဂီတအစီအစဉ်
၁၉း၃၅ ၁၇။ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဘိန်းအစားထိုးပျိုးဥယျာဉ်
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၆)

# မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် သံဃမဟာပဝါရဏာပွဲတော် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပုရိမဝါကပ်တော်မူကြသည့် ပဓာနနာယကနိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တရဋ္ဌသာရအမှူးပြုသည့်သံဃာတော်များနှင့် ပင့်သံဃာတော်များအပါး၁၅၀တို့သည် ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်နေ့ မွန်းတည့် ၁၂နာရီတွင် သံဃမဟာပဝါရဏာကံဆောင်ကြမည်ဖြစ်ရာ ဦးကိုကိုခိုင် ဒေါ်နုနုငယ်(နုငယ်ဆောက်လုပ်ရေး)မိသားစု၊ ဒေါ်ရှုစိန်(လမ်း-၄၀) မိသားစု၊ ဦးမြင့်ကြည် ဒေါ်ဇင်မာ မိသားစုတို့က အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့်အချိုပွဲများဆက်ကပ်ကြမည်ဖြစ်ပြီး အလှူရှင်များက သိမ်ဆင်းလှူဖွယ်များ လောင်းလှူကြမည်ဟု သိရသည်။

**(က-ပ)**



**အောက်တိုဘာ ၂၄ရက်က ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် စန္ဒရားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ထိန်လင်းအောင် ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)**

# တင်းနစ်ပြိုင်ပွဲအတွက်ပြိုင်ပွဲဝင်မည့်အသင်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၄

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် (1st Myanmar Junior World Ranking Tennis Tournament Grade-5) ) ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် အမေရိကန်နိုင်ငံမှအားကစားသမားတစ်ဦး၊ ဂရိတ်ဗြိတိန်မှ အားကစားသမားတစ်ဦး၊ နယူးဇီလန်မှ အားကစားသမားတစ်ဦး၊ ထိုင်းနိုင်ငံမှ အားကစားသမားတစ်ဦး၊ တရုတ်တိုင်ပေမှ အားကစားသမား ခုနစ်ဦးတို့သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။**

ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင်လည်း ကိုရီးယားသမ္မတနိုင်ငံမှ အားကစားသမား လေးဦးနှင့် အုပ်ချုပ်သူတစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ အားကစားသမား ငါးဦးနှင့် အုပ်ချုပ်သူ တစ်ဦးတို့သည်လည်းကောင်း၊ ည ၉ နာရီ ၁၀ မိနစ်တွင် ထိုင်းနိုင်ငံမှ အားကစားသမားရှစ်ဦး၊ အုပ်ချုပ်သူနှင့် နည်းပြတစ်ဦးတို့သည် လေကြောင်းခရီးစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့သို့ရောက်ရှိလာကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သာယာမည်

**မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့သာယာ မည်။**

## ကျိုက်ဒေးယျံု(ရန်ကုန်) အာနန္ဒာစေတီ မီးမြင်းမိုရ်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

သဃ်န်းကျွန်းမြို့နယ် ရှေးဟောင်း သမိုင်းဝင် ကျိုက်ဒေးယျံု(ရန်ကုန်) အာနန္ဒာစေတီတော်မြတ်ကြီး၏ အဘိဓမ္မာအခါတော်နေ့နှင့် ဆီမီး ၃၀၀၀၊ ပန်း ၃၀၀၀ ပူဇော်ပွဲ စည်ကားစွာကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၅ ရက်က ဘုရားကြီးဂေါပကအဖွဲ့ ရုံးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျိုက်ဒေးယျံု (ရန်ကုန်) အာနန္ဒာစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစံလှက အဘိဓမ္မာအခါတော်နေ့ကျင်းပရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အတွင်းရေးမှူး ဦးကိုလေးက ဆီမီး ၃၀၀၀၊ ပန်း ၃၀၀၀ ပူဇော်ပွဲကျင်းပရခြင်းနှင့် ရှေးရိုးစဉ်လာမပျက် မီးမြင်းမိုရ်ပွဲပျော်ရွှင်စွာကျင်းပနိုင်ရေး ရှင်းလင်းသည်။

သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)တွင် ဘုရားကြီး၏ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများက ဘုရားကြီးရင်ပြင်တော်တွင် ဆီမီးများထွန်းညှိ ပူဇော်ကြပြီး၊ သီတင်းကျွတ်လပြည့်နေ့ နံနက် ၉ နာရီတွင် ဂေါပကအဖွဲ့က ကြီးမှူး၍ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပကာ သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)မှ စတင်၍ လပြည့်ကျော် တစ်ရက်နေ့အထိ ကျိုက်ဒေးယျံု(ရန်ကုန်) အာနန္ဒာစေတီတော် ဝေယျာဝစ္စလူငယ်များက ဆင်ရုပ်၊ မြင်းရုပ် စသည့် မီးပုံးပျံများ လွှတ်တင်၍ ဆီမီး ၃၀၀၀ ပူဇော်ကာ မီးမြင်းမိုရ်ပွဲကို စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

## နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အလှူရှင်များ စုပေါင်းရေစက်ချ

**ရန်ကုန် အောက်တိုဘာ ၂၄**

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏(၂၄)ကြိမ်မြောက် ငွေပဒေသာပင် အလှူရှင်များ စုပေါင်းရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ (ဓမ္မာရုံ)၌ ကျင်းပရာ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက် ပဓာနနာယက ဆရာတော် တိပိဋကပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အဘိုးအဘွားများနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

**သီလဆောက်တည်**

ရှေးဦးစွာ ဉ္စေ့ပရိသတ်တို့က ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)က ငွေပဒေသာပင် အလှူရှင်များ စုပေါင်းရေစက်ချပွဲနှင့်အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသက အနမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်ရာ ဉ္စေ့ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## မွေးနေ့ဆုမွန်လွှာ

သားလေး ဒုတိယဗိုလ်ကျော်ဘုန်းမြင့် ၏
၂၄-၁၀-၂၀၀၄ ရက်တွင် ကျရောက်ခဲ့သော
မွေးနေ့ရက်မြတ်မှသည် သက်ဆုံးတိုင် စိတ်၏ချမ်းသာခြင်း၊
ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး
နိုင်ငံကိုအကျိုးပြုသည့်
သားကောင်းရတနာလေးတစ်ဦးဖြစ်ပါစေ။

- ဖေဖေ၊ မေမေ
- မမသက်ထား၊ အန်တီပို့
- ဖိုးဖြူ

## သတိ

၁။ ဖြောက်အိုးဖောက်ခြင်းဖြင့် ပြည်သူအများအထိတ် တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်လုပ်လာနိုင်ခြင်း တို့ကြောင့် ဖြောက်အိုးဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ဖြောက်အိုးဖောက်လျှင် ထောင်ဒဏ် (၃)နှစ်။

(ခ) ဖြောက်အိုးရောင်းလျှင်၊ ဖြောက်အိုးထုတ် လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**


မြန်ကြားရေးဝန်ကြီးဌာန
MIN KYAW MIN'S
SPOKEN ENGLISH CLASS
သင်တန်းကို ၁-၁၁-၂၀၀၄ ရက်တွင်စမည်။
9.00 am to 11.30
Multi-media style audio-visual aid
THE NEW LIGHT OF MYANMAR

PACIFIC DIGITAL PHOTO SERVICE

DIGITAL
(FILM) နှင့် DIGITAL CAMERA မှ

| | | | |
|---|---|---|---|
| PC | 65/- ကျပ် | (4"x6") | 85/- ကျပ် |
| (8"x10") | ကျပ် 500/- | (10"x12") | ကျပ် 700/- |

(၁) ... ရန်ကုန်မြို့ ။ 241073, 383486
(၂) ... ရန်ကုန်မြို့ ။ 384528
(၃) ...

SUCCESS LANGUAGE ACADEMY
English Speaking
25 Oct ⇨ 7:30 to 9:00 / 1 Nov ⇨ 1 to 2:30
6 Nov ⇨ 1 to 3:00 / 8 Nov ⇨ 10 to 11:30
22 Nov ⇨ 3:30 to 5:00 / 6 to 7:30
Intermediate 6 Nov ⇨ 1 to 3:00
ဖုန်း ⇨ 202046

ဆရာငွေး အင်္ဂလိပ်စာသင်တန်း

သီတင်းကျွတ်အကြိုအရောင်းပွဲတော်
( 16 . 10 . 2004 မှ 16 . 11 . 2004 ) အတွင်း
"ယုဇနဆောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"
(လူတိုင်း လူတိုင်း တိုက်ခန်း ဖြစ်ရေး ဖြစ်နိုင်ရေး)
- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ ၊ တည်ဆောက်ဆဲတိုက်ခန်းများ ၊ ဆိုင်ခန်းများ ၊ မြေကွက်များ
- လှိုင်မြို့နယ် ၊ ကမာရွတ်မြို့နယ် ၊ သုဝဏ္ဏမြို့နယ် ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ဒဂုံဆိပ်ကမ်းမြို့နယ် ၊ ဒဂုံတောင်/မြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ ၊ အထပ်စုံ ၊ အရွယ်စုံ HALL TYPE, ROOM TYPE
- လူနေခန်းသုံးလုပ်လုပ် ၊ ရုံးခန်းသုံးလုပ်လုပ် ၊ စီးပွားရေးပဲလုပ်လုပ် ၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ
ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်
အမြတ်ခွန် ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်
တိုက်ခန်းတန်ဖိုး အနည်းဆုံး ကျပ် ( ၂၄ ) သိန်းဖြစ်ပါတယ်
အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။
အရောင်းဌာန - ယုဇနစင်တာ (ရုံးချုပ်) ၊ တတိယထပ် ၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၀၇၄၅ ၊ ၅၄၀၇၄၆ ၊ ၅၄၀၇၄၇ ။

# ကံမမြို့နယ်တွင် အမြင်သစ်စာကြည့်တိုက်ဖွင့်

**ကံမ အောက်တိုဘာ ၁၈**

ကံမမြို့နယ် ပဇင်းနိမ့်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် အမြင်သစ်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ရက်က ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးအေးမင်း၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးဝင်းနိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ် တစ်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ရသ စာအုပ်မျိုးစုံ အုပ်၁၀၀၊ ကျေးရွာပြည်သူများက စာကြည့်တိုက် ငွေ ပဒေသာပင်အဖြစ် အလှူငွေ ကျပ်သုံးသောင်းနှင့် စာအုပ်မျိုးစုံ အုပ် ၃၀၀လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**(မြို့နယ် ပြန်/ဆက်)**



# လက်တွန်းထွန်စက်စုပေါင်းရောင်းချပွဲကျင်းပ

**တိုက်ကြီး အောက်တိုဘာ ၂၂**

တိုက်ကြီးမြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ လယ်ယာ- ၁၆ လက်တွန်းထွန်စက်များအား လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေစနစ်ဖြင့် တောင်သူလယ်သမားများသို့ ရောင်းချပွဲကို အောက်တိုဘာ ၁၇ရက်က စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၇၇) ထွန်စက်စခန်း တိုက်ကြီးမြို့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် စက်မှုလယ်ယာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သောင်းတို့က လယ်ယာ-၁၆ လက်တွန်းထွန်စက် ရောင်းချခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်ထွန်းက လက်တွန်းထွန်စက် ဝယ်ယူသူ တောင်သူလယ်သမား ၁၁ဦးသို့ စာရွက်စာတမ်းနှင့် စက်ကိရိယာများ လွှဲပြောင်း ပေးအပ်သည်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်တွန်းထွန်စက် အများဆုံးဝယ်ယူသည့် ပုတ္တကျေးရွာအုပ်စုသို့ ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**



## စက်ရေတွင်းတူးဖော်

**အောက်တိုဘာ ၁၅ရက်က ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးမြင့်စန်းဦးတို့ မကြီးကုန်း ကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။**

(မြို့နယ်စည်ပင်)



**အောက်တိုဘာ ၂ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သောမြို့အဝင်မှ အထကကျောင်းရှေ့ ရန်ကုန်-မော်လမြိုင် လမ်းမကြီးတစ်လျှောက် အမှုဆောင်အရာရှိ ဦးစောရွှေ၊ တာဝန်ခံ အင်ဂျင်နီယာ ဦးတင်အောင်ဌေးနှင့် ဝန်ထမ်းများ စုပေါင်း၍ ချုံနွယ်မြက်များ ရှင်းလင်းခြင်းနှင့် အမှိုက်များသိမ်းဆည်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

## အမြို့မြို့ အနယ်နယ် သတင်းများ

## ကျောင်းသားလူငယ်များ ထူးချွန်ထက်မြက်ရန် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ပျဉ်းမနား အောက်တိုဘာ ၁၆**

ပျဉ်းမနားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြို့နယ် ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းသားလူငယ်များ ယဉ်ကျေးလိမ္မာထူးချွန်ထက်မြက်စေရန် ယဉ်ကျေးလိမ္မာသင်တန်းများကို မြို့နယ်အတွင်း အခြေခံပညာ အမက၊ အလကကျောင်းများတွင် နှစ်ဆန်းမှ စတင်၍ စဉ်ဆက်မပြတ် ဖွင့်လှစ်ခဲ့ရာ အောက်တိုဘာ ၁၀ရက်က အမှတ်စဉ်(၁၀) သင်တန်းကို အလက(၁)တွင် ဖွင့်လှစ်သည်။

ထို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ စရိုက်များကို စောင့်ထိန်းသောအားဖြင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် တားဆီးကာကွယ်ရေး သင်တန်းများကို ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းနှင့် အမှတ်(၁) အထကတို့တွင် ဆရာ ဆရာမများအား သင်တန်းပို့ချကြသည်။ **(၁၀၁)**



# လျှို့ဝှက်ရင်ခုန်သံဇာတ်ကား ဗီဒီယိုထုတ်လုပ်ပြသ

## ယခုအပတ် ဗီဒီယိုဇာတ်ကား ၁၂ကားဖြန့်ချိ

**မောင်ဆွေထွန်း**

**ရန်ကုန် အောက်တိုဘာ ၂၄**

ယခုအပတ်တွင် မြန်မာဗီဒီယိုဇာတ်ကား ၁၂ကား ဖြန့်ချိပြသခွင့် အသက်သွင်း ဖြန့်ချိမည်ဖြစ်သည်။



## အမှုအရာ

**ကြောင်ကမ္ဘာဗီဒီယို၏ 'ဖွင့်ဟလို့မပြောရက်ခဲ့ပါ' ဇာတ်ကားမှ နေမျိုးအောင်နှင့် ခိုင်နှင်းဝေတို့၏ဟန်ပန် အမူအရာ။**

ကျော်ဗီဒီယိုမှ ဒါရိုက်တာ မလိခ စိုးထိုက်အောင်ရိုက်ကူး၍ ဒွေး၊ ရာဇာ ရရှိရာ **လျှို့ဝှက်ရင်ခုန်သံ** နှင့် **လမင်းကိုစိန်ခေါ်ကြသူများ** ရုပ်ရှင်ဇာတ်ကားကြီးနှစ်ကားကို ဗီဒီယိုအဖြစ် ပြန်လည် ညီမင်းလွင်ရိုက်ကူး၍ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ ဇင်ဝိုင်းနှင့် ပြေတီဦးတို့ ပါဝင်သော **ရင်ကွဲဘီလူး** ဇာတ်ကား။ စိန်ငွေးဗီဒီယိုမှ ဒါရိုက်တာ မောင်တင်ဦးရိုက်ကူး၍ လူမင်း၊ အိန္ဒြာကျော်ဇင်နှင့် ဇာဂနာတို့ ပါဝင်သော **လမင်းကိုစိန်ခေါ်ကြသူများ** ဇာတ်ကား။ လပ်ကီးဆဲဗင်း ဗီဒီယိုမှ ဒါရိုက်တာ သပြားသုရိုက်ကူး၍ အရိုင်း၊ ငြိမ်းချမ်း၊ ဝိုင်းချစ်နှင့် သင်းသင်းယုလှိုင်တို့ ပါဝင်သော **ဇာတ်လမ်းအစကဒီလို** ဇာတ်ကား။

ကျော်ကျော်ဦးဗီဒီယိုမှ ဒါရိုက်တာ မျိုးဇော်အောင်ရိုက်ကူး၍ အောင်ပိုင်၊ ကျော်ဇောဟိန်းတို့ ပါဝင်သော **မိကျောင်းမှန် ဆန်လိမ့်မည်** ဇာတ်ကား။ ရွှေမင်းသားဗီဒီယိုမှ ဒါရိုက်တာ စန္ဒာ

## သရုပ်ဆောင်ဟန်

**'ရင်ကွဲဘီလူး' ဇာတ်ကားမှ မင်းမော်ကွန်းနှင့် အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်ဟန်။**



နေဝင်းနှင့် ထက်ထက်မိုးဦးတို့ ပါဝင်သည့် **လျှို့ဝှက်ရင်ခုန်သံ** ဇာတ်ကား။ လပ်ကီးပဲလေ့ဗီဒီယိုမှ ဒါရိုက်တာ အောင်သိန်း ရိုက်ကူး၍ မင်းသစ္စာ၊ လှအဥ္ဇလီတင့်နှင့် ဝင်းဝင်းမော်တို့ ပါဝင်သော **ငယ်သူငယ်ချင်းစာဥ**

**ကျော်ဗီဒီယို၏ 'လျှို့ဝှက် ရင်ခုန်သံ' ဇာတ်ကားမှ ဒွေးနှင့် ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်ဟန်။**



ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင် ရိုက်ကူး၍ ရဲအောင်၊ နေမျိုးအောင်နှင့် ခိုင်နှင်းဝေတို့ ပါဝင်သော **ဖွင့်ဟလို့ မပြောရက်ခဲ့ပါ** ဇာတ်ကား။ မျက်ခြယ် ဗီဒီယိုမှ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူး၍ ခန့်စည်သူ၊ ကြည်လဲ့လဲ့ဦးနှင့် ဝိုင်းတို့ ပါဝင်သော **သုံးလပြတ်** ဇာတ်ကား။

ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာ ထက်ပိုင်ရိုက်ကူး၍ ကျော်ဇောဟိန်း၊ ဥျန်ဂိုနှင့် မြသင်းချယ်တို့ပါဝင်သော **နှောင်တဆိုတာအဖြေမရှိ**ဇာတ်ကား။ မဟာစည်တော် ဗီဒီယိုမှ ဒါရိုက်တာ စိုးပိုင်ရိုက်ကူး၍ကင်းကောင်၊ကျော်ထူး၊ တိမ်ညွန့်နှင့်ပိစိတို့ပါဝင်သော **ပျော်စရာ ၂၄နာရီ** ဇာတ်ကား။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာသပြားသုရိုက်ကူး၍ ခင်လှိုင်၊ ကျော်ထူး၊ စိန်ရိုးနှင့် သင်းသင်းယုလှိုင်တို့ပါဝင်သော **လန်းဆန်းနေသောအချစ်များ** ဇာတ်ကား။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ ပွင့်သာ ရိုက်ကူး၍ နိုင်ထက်ဦး၊ ဝင်းဝင်းမော်တို့ ပါဝင်သော **ဝဏ္ဏနှင့်သီဟ** ဇာတ်ကားတို့ ဖြန့်ချိပြသကြမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

Pacific Star Manufacturing Co., Ltd. တွင် အောက်ဖော်ပြပါ ရာထူးအတွက် ဝန်ထမ်းများအလိုရှိသည်။

၁။ Knitting Operator မ (၅၀) ဦး
၂။ Linking Operator မ (၅၀) ဦး

လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါအရည်အချင်းများနှင့်ပြည့်စုံရမည်။

(က) အသက် ၁၈ နှစ်မှ ၂၆ နှစ်အတွင်း (အမျိုးသမီး)ဖြစ်ရမည်။
(ခ) အလယ်တန်းပညာအရည်အချင်း၊ (သို့မဟုတ်) အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား အခြေခံတွက်ချက်တတ်သူဖြစ်ရမည်။
(ဂ) ကျွမ်းကျင်ဝန်ထမ်းများလည်း လျှောက်ထားနိုင်ပါသည်။

ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်လအတွင်း လူကိုယ်တိုင် လာရောက်၍ အခမဲ့ပေးသော လျှောက်လွှာများအား ဖြည့်စွက်၍ လျှောက်ထားနိုင်သည်။

မှတ်ပုံတင်ကတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်မူရင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်ပါရှိရမည်။

**ဆက်သွယ်ရန်လိပ်စာ –** အနောက်ပါရမီလမ်းနှင့် အင်းစိန်လမ်းမထောင့်၊ မီးပွိုင့်အနီး၊ ၁၂ ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း–၆၆၀၆၆၁၊ ၆၅၀၂၂၀၊ ၆၅၁၅၆၉

**(အနောက်ပါရမီလမ်းမပေါ်ဂိတ်အစိမ်းမှဝင်ရန်)**


## Ministry of Transport Department of Civil Aviation Invitation For Tender

1. Sealed tenders are invited for the supply, installation and commissioning of the followings systems for Yangon International Airport New Passenger Terminal Building:
   Mechanical systems (Lifts, escalators, air conditioning and ventilation etc…)
   Electrical systems(Power supply, distribution and building lighting etc…)
   Specialized systems (Passenger boarding birdges,baggage handling conveyors, Information systems, security CCTVs etc…)
2. Complete set of tender documents can be bought at planning department of Department of Civil Aviation, Yangon International Airport Complex, Mingaladon. Phone-665377.
3. Tender will be accepted only as a whole system. No individual bids will be accepted.
4. Tender will close at 16;00hrs on 15 November 2004.


SEIN WIN & ASSOCIATE TRAVELS & TOURS CO., LTD.

DESKTOP PUBLISHING COURSE (DTP)
- Text Production Skill
- MS Word
- Adobe PageMaker
- CorelDraw
- Print Shop Premier Edition

MCC

ဝန်ထမ်းအလိုရှိသည်

TOP ☎ 243363 705877

## ရောင်းရန်
၉၀ရာခိုင်နှုန်းခန့် အမိုက် သန့်စင်သော (ရှယ်)ဖြုတ်ရော်ဘာများ ရောင်းရန်ရှိသည်။
**စက်ရုံ–၁၄၅(အေ)၊ မြတောင်ဝန်ကြီးဦးမှိုလမ်း၊စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်။**




## ညောင်လေးပင်မြို့နယ် ကောက်ကွေ့ကျေးရွာစာကြည့်တိုက်ဖွင့်

**ညောင်လေးပင် အောက်တိုဘာ ၁၉**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာအုပ်စု ကောက်ကွေ့ကျေးရွာတွင် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ ကျွမ်းကျင်(၃) ဦးစောခင်မောင်အေးနှင့် ကျေးရွာရပ်မိရပ်ဖ ဦးငြိမ်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ကောက်ကွေ့ကျေးရွာဥက္ကဋ္ဌ ဦးရဲညွန့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အလှူရှင်များက လှူဒါန်းသော စာအုပ်များကို ရုပ်/သံ ကျွမ်းကျင်(၃) ဦးစောခင်မောင်အေးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲညွန့်က လက်ခံရယူသည်။ **(၁၃၄)**

**အောက်တိုဘာ ၁၂ရက်က မြန်အောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ကျောင်းတိုက်ကြီးလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ပေါင်းမြက်များ ရှင်းလင်းခြင်းကို စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်မှုကို ဦးစီးအရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)





**အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့နှင့် သက်ကြီးရွယ်အိုများအား ဂါရဝပြုလက်ဆောင်ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကိုအောက်တိုဘာ ၁ရက်က ရေးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တပ်နယ်မှူးက အဘိုး၊အဘွားများအား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (မြို့နယ် ပြန်/ဆက်)



**ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ မူဆယ်မြို့နယ်အမှုဆောင် အရာရှိ ဦးစိုးရန်နိုင် နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ မူဆယ်မြို့ မြို့ပတ်လမ်း ထပ်ပိုးလွှာကတ္တရာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)

## ဂန့်ဂေါမြို့နယ်တွင် ထွန်စက်ပေးအပ်

**ဂန့်ဂေါ အောက်တိုဘာ ၁၆**

ဂန့်ဂေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် လယ်ယာ–၁၆ လက်တွန်းထွန်စက် ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးဘနိုင်က လယ်ယာ–၁၆ လက်တွန်းထွန်စက် စွမ်းရည်နှင့် လုပ်ဆောင်နိုင်မှုများကို ရှင်းလင်းပြောကြားသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင်ညိုက ချေးငွေစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်စနစ်ဖြင့် ဝယ်ယူသည့် လယ်ယာ–၁၆ လက်တွန်းထွန်စက်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို တောင်သူခြောက်ဦးတို့အား ပေးအပ်ကြသည်။ **(၂၇၃)**

# CONGRATULATIONS
# TO
# "NATIONAL WOOD INDUSTRIAL LTD."

**NO.111,112,113 MHATKHAYAR MINTHARGYI ROAD.**
**EAST DAGON INDUSTRY ZONE (YWARTHAGYI).**

International Wood Industrial Ltd. သစ်အချောထည် စက်ရုံကို October 21st,2004 နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**Managing Director&Directors**
**Gold Steel Industry Co.,Ltd.**




## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်၊ (ကြာသပတေးနေ့)သည် အဘိဓမ္မာအခါတော်နေ့ အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်။**





## အမည်မှန်

အဖ ဦးသောင်းညွန့်၏သမီး အထက(၁) ရွှေပြည်သာမြို့နယ် နဝမတန်း(G)မှ မမိုးသန္တာထွန်းအား နိုင်ငံသားမှတ်ပုံတင် အမှတ် ၁၂/ရပသ(နိုင်) ၀၅၄၄၀၄ အရ မဖူးပွင့်ဝေ ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

**မဖူးပွင့်ဝေ။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂ဝိုင်၁၊ မြေကွက်အမှတ် ပဥ္စမတန်း-၄၊ အကျယ်အဝန်းအလျား ၅၀/၅၆ ပေ x အနံ ၂၄/၄၉ ပေ၊ ဧရိယာ ၀ဒသမ ၀၄၂ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း နှင့် (၉)လမ်းထောင့်၊ အမှတ် ၅၆၂/၅၆၄ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို (၁) ဦးအောင်ဇော်နိုင် ၁၂/လမတ(နိုင်)၀၂၅၇၅၈၊ (၂) မစန္ဒာထွန်း ၁၂/လမတ(နိုင်)၀၀၀၀၆၃၊ (၃) မမိမိခိုင် ၁၂/လမတ(နိုင်)၀၀၁၀၃၇တို့၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်-၃၃၆၉/၂၀၀၃ ရရှိသူဒေါ်နန်းသိမ်းယုံ ၁/မညန(နိုင်)၀၇၅၄၂၈ထံမှ အပြီးအပိုင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူရန် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးကျား(၁၀၀၆)**
**ဒေါ်လှလှလွင်(၅၇၇၃)**
**(တရားရုံးချုပ်ရှေ့နေများ)**
**အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကက/၇၁၃၄ မော်တော်ယာဉ် လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(မူဆယ်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(မူဆယ်)။**

## ကားရောင်းမည်

TE 11 နှင့် TE 21
ရောင်းမည်။
All TE ဖြစ်သည်။

**အမှတ် ၁၁၈၊ ၄၈ လမ်း။**
**ကျားညီနောင်သက်န်းဆိုင်။**






## တိုက်ခန်းအမြန်ရောင်းမည်
## ညှိနှိုင်းဈေး

၁၉ လမ်း၊ လေးထပ်၊ ဟောင်ကောင် နှစ်လွှာ၊ ၁၂ ပေခွဲ x ပေ ၅၀ ပြင်ဆင်ပြီး အသင့်နေနိုင်၊ ကိုယ်ပိုင်ရေ၊ မီး၊ ရေချိုးခန်း၊မီးဖိုချောင်၊ ဝရန်တာ ကြွေပြားကပ်ပြီး ပိုင်ရှင်ကိုယ်တိုင် ဦးရာလူရောင်းမည်။

**ဖုန်း-၀၉-၅၀ ၀၆၂၅၃၊ ၀၉-၅၀ ၀၉၁၀၆။**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏မူဝါဒများနှင့်အညီ နိုင်ငံတော်အပေါ်သစ္စာရှိရှိ တာဝန်ထမ်းဆောင်နိုင်မည့်ပုဂ္ဂိုလ်များကိုသာ တာဝန်ပေးအပ်ခဲ့ နိုင်ငံတော်၏မူဝါဒများ၊ ပြည်သူများ၏အကျိုးစီးပွားကို ထမ်းဆောင်နိုင်စွမ်းမရှိလျှင်ရုပ်သိမ်းမည်သာ

## ဥပဒေကိုဆန့်ကျင်ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များပေါ်ပေါက်တိုင်း ထိရောက်စွာအရေးယူခဲ့ မည်သူမျှဥပဒေ၏အထက်တွင်မရှိ၊ ဥပဒေအရာတွင် တစ်ပြေးညီသာဖြစ်သည်ဟု တပ်မတော်ကလက်ခံကျင့်သုံး အစိုးရက ပုဂ္ဂိုလ်ရေးအရစောင့်ရှောက်ကာကွယ်မှုထက် မူဝါဒအရ ပြည်သူကောင်းစားရေးကာကွယ်သွားမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမဌကျင်းပသည့် ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်၍ ရှင်းလင်းပြောကြားကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ယနေ့ နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသောအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားတွင် ပဏာမရှင်းလင်းပြောကြားစဉ်။ **(သတင်းစဉ်)**



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ယနေ့ နိုင်ငံတော်၌ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။ **(သတင်းစဉ်)**

အဆိုပါရှင်းလင်းပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ကာကွယ်ရေး

*စာမျက်နှာ ၇ ကော်လံ ၃* ❐

## နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒများ အတိအလင်းကြေညာ

- ❐ အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်ပြည့်မြောက်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။
- ❐ ဥပဒေဘောင်အတွင်းရောက်ရှိပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍လည်း ယခင်ကပင် ကျင့်သုံးလိုက်နာဆောင်ရွက်လာခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသော နိုင်ငံတော်၏အမျိုးသားရေးမူဝါဒများနှင့်အညီ တစ်စုံတစ်ရာအပြောင်းအလဲမရှိ ဆက်လက်လက်တွဲ ဆောင်ရွက်သွားမည်။
- ❐ မြန်မာနိုင်ငံ၏နိုင်ငံခြားရေးမူဝါဒကိုလည်း အပြောင်းအလဲမရှိ ဆက်လက်ကျင့်သုံးပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ယခင်အစဉ်အလာများနှင့်အညီ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်။

